THE BORDER CONSORTIUM

# နှစ်ပတ်လည် အစီရင်ခံစာ

# ၂၀၂၀



WORKING WITH DISPLACED PEOPLE

# အစီရင်ခံစာ အကျဉ်းချုပ်

ယခု အစီရင်ခံစာသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လွှမ်းခြုံပြီး၊ TBC အဖွဲ့အစည်း၏ ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံအတွက်၂၀၂၀-၂၀၂၂ မဟာဗျူဟာ လမ်းညွှန်ချက်များအပေါ် အခြေခံ၍ တိုးတက်မှုများကို ဖော်ပြထားပါသည်။ TBC အဖွဲ့၏ အစီအစဉ်များသည် ယောက်ျား၊ မိန်းမ နှင့် ကလေး ၁၄၀,၀၀၀ ဦးထံသို့ ရောက်ရှိပြီး၊ ယင်းတို့အနက် ၈၀,၀၀၀ ဦး မှာ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း ၉ ခုတွင်နေထိုင်သူများ ဖြစ်ပါသည်။ ကျန် ၆၀,၀၀၀ ဦးမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ မြို့နယ် ၁၄ ခုမှ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား ရပ်ရွာအဖွဲ့အစည်းများမှ ဝန်ဆောင်မှုပေးကြသူများက COVID-19 ကူးစက်ကပ်ဘေးတုံ့ပြန် ဆောင်ရွက်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုသင့်ပါသည်။ လူစစ်ဆေးသော ဂိတ်များ ချထားစစ်ဆေးခြင်း၊ ရပ်ရွာ အခြေပြု ကွာရန်တင်းစခန်းများစည်းကြပ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများက လျှင်မြန် စွာပင် ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ကြပြီး၊ အွန်လိုင်းမှတဆင့် အစည်းအဝေးများ၊ သင်တန်းများ စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြသည်။ အစီအစဉ်များကိုလည်း လမ်းကြောင်းမှန်အတိုင်းဖြစ်နေစေရန်ကျယ်ပြန့်စွာ စီမံဆောင်ရွက်နိုင်ခဲ့သည်။ နိုဝင်ဘာလ ၈ ရက် နေ့တွင် ကျင်းပသည့် အထွေထွေ ရွေးကောက်ပွဲတွင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကစုစုပေါင်းမဲများ၏ ၈၂% ကျော် အနိုင်ရရှိခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံအဝှမ်း တိုင်းရင်းသားဒေသများ၌ ဆက်လက်၍ စစ်အင်အား တိုးချဲ့နေခြင်း နှင့် ပဋိပက္ခများ ဆက်၍ ဖြစ်ပေါ်နေပြီး၊ COVID-19 ကူးစက်ကပ်ဘေးကြောင့် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းလုပ်သား ၁၀၀,၀၀၀ ခန့် အများအပြား အိမ်ပြန်လာကြသည်ကို တွေ့ရှိရသည်။

ထိုင်းနိုင်ငံတွင် COVID-19 ကူးစက်ကပ်ဘေးကြောင့် အစိုးရက အရေးပေါ် အခြေအနေ ကြေညာခဲ့သည်။ ဒုက္ခသည်များကို စခန်းများမှ အတွင်း-အပြင် သွားလာမှုများကို စည်းကြပ်ကန့်သတ်ခဲ့ပြီး၊ သို့အတွက်ကြောင့် စခန်းပြင်ပတွင် ထိုသူများ၏ ဝင်ငွေ ရရှာဖွေနိုင်မှုကို ထိခိုက်သက်ရောက်စေခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် အုန်းဖျံမိုင်စခန်းအတွင်း၌ COVID-19 ကူးစက်ခံရ သူ တဦး တွေ့ရှိခဲ့ရသည်။ လာရောက်လည်ပတ်သူရွှေ့ပြောင်းလုပ်ထုတဦး၏ ဆွေမျိုးများနှင့်အတူ ပါရှိလာခြင်း ဖြစ်သည်။ ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ရှေ့ဆောင်သည့် မိမိဆန္ဒအလျောက် အိမ်ပြန်မှုကို ဖေဖော်ဝါရီလတွင် လျာထားသော်လည်း ရွှေ့ဆိုင်းခဲ့ရသည်။ ယခုနှစ်အတွင်းတရားဝင်လုပ်ငန်းစဉ်မှတဆင့်အိမ်ပြန်သူ တဦးမျှ မရှိခဲ့ပါ။ စခန်း တွင်းသို့လာရန် တင်းကျပ်ကန့်သတ်မှုများကြောင့် TBC အဖွဲ့က စခန်းအခြေစိုက် ဝန်ထမ်းများနှင့် အဝေးမှနေ၍သာ ဆက် သွယ်ရေးကို အဓိက အားပြုဆောင်ရွက်ရသည်။

ဒီဇင်ဘာလကုန်အထိ ထိုင်းနိုင်ငံရှိ စခန်း ၉ ခုတွင် လူဦးရေ ၇၉,၄၆၃ ဦး ရှိနေပြီး၊   ၉၈၂ ဦးမှာ တတိယနိုင်ငံသို့ အခြေချနေထိုင်ရန် ပြောင်းရွှေ့သွားကြသည်။[1] ၁,၃၆၂ ဦးမှာ ထိုင်းနိုင်ငံတွင် အခြားနည်းလမ်းများ ရွေးချယ်ရန် စခန်းများကို စွန့်ခွာထွက် သွားကြသည်။[2] ယခုနှစ်အတွင်း စခန်းများအတွင်း၌ ကလေး ၁,၅၉၄ ဦး မွေးဖွားခဲ့သည်။

၂၀၂၀ ခုနှစ်အတွက် စုစုပေါင်း အသုံးစရိတ်မှာ ထိုင်းဘတ် ၅၆၇ သန်း (အမေရိကန်ဒေါ်လာ ၁၈ သန်း) ရှိပြီး၊ ချိန်ညှိထားသော စရင်းအရ ဝင်ငွေမှာ ထိုင်းဘတ် ၅၈၆ သန်း (အမေရိကန်ဒေါ်လာ ၁၈.၆ သန်း) ရှိပါသည်။ ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းကုန် ကျမှု ဘတ်ဂျက်မှာ ထိုင်းဘတ် ၅၄၄ သန်း (အမေရိကန်ဒေါ်လာ ၁၇.၂ သန်း) လျာထားပါသည်။ ၂၀၂၀ ခုနှစ်အတွင်း လူဦးရေ တသမတ်တည်း ရှိနေသည်။ အကြောင်းမှာ COVID-19 ကူးစက်ကပ်ဘေးကြောင့် ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့တွင် မြန်မာနိုင်ငံ၌ စစ်အာဏာသိမ်းမှုကြောင့် လိုအပ်ချက်များ တိုးမြင့်လာဖွယ် ရှိနေပါသည်။ TBC အဖွဲ့က လက်ရှိ လက်ကျန်ငွေကို ဆက်လက်ထိန်းသိမ်းထားရန် စီစဉ်ထားပါသည်။

1 https://www.theborderconsortium.org/wp-content/uploads/2021/01/2020-12-December-map-tbc-unhcr.pdf
2 IOM Thailand departure statistics as of December 2020

# အခန်း- ၁

## နောက်ဆုံး အခြေအနေ ဖော်ပြချက်



Photo by: Saw Mort

# မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော COVID-19 ကူးစက်မှုကို မတ်လတွင် အတည်ပြုနိုင်သည်။ ထိုင်းနိုင်ငံရှိ ခရီးသွားလုပ်ငန်း၊ ဟိုတယ် ဝန်ဆောင်မှုများနှင့် ဖျော်ဖြေရေးကဏ္ဍ လုပ်ငန်းများသည် ကန့်သတ်မှုများကြောင့် စီးပွားရေးအရ အထိနာခဲ့ပြီး၊ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများသည်လည်း နယ်စပ်ပိတ်ဆို့မှုနှင့် ခရီးသွား ကန့်သတ်မှုများကို ရှောင်ရှားနိုင်ရန် အမြန် အိမ်ပြန်ကြသည်။ ဇွန်လကုန်တွင် ခန့်မှန်း ရွှေ့ပြောင်းလူထု ၁၀၀,၀၀၀ မြန်မာနိုင်ငံသို့ တရားဝင်နယ်စပ်ဖြတ်ကျော်ရေး ဂိတ် များမှတဆင့် အိမ်ပြန်ခဲ့ကြသည်။ လူအမြောက်အများ ရွှေ့ပြောင်းသွားလာခဲ့ကြသော်လည်း ရွှေ့ပြောင်းလုပ်သားများ အိမ်ပြန် လာမှုနှင့် ပတ်သက်၍ ရပ်ရွာအတွင်း ကူးစက်မှုများ ရှိသည်ကို မှတ်တမ်းများ မတွေ့ရှိရပါ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)သည်လည်း COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး နှင့် ရပ်ရွာအခြေပြု ကွာရန်တင်းနေရာများ စည်းကြပ်မှုများတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ EAOs များသည် စစ်ဆေးရေးဂိတ်များနှင့် အဝေးပြေးလမ်းမများတွင် အကြီးစား စိစစ် စစ်ဆေးရေးဂိတ်များ ဆောင်ရွက်ခဲ့ကြသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုများ ရှိသော်လည်း အစိုးရနှင့် EAOs များ၏ ပူးပေါင်းဆောင်ရွက်မှုသည် စစ်အင်အား ချဲ့ထွင်နေမှုများကြောင့် ပြဿနာ အနှောင့်အယှက် ရှိခဲ့သည်။ COVID-19 ကူးစက်မှုနှင့် ပတ်သက်၍ ပိတ်ဆို့မှုများ၊ ခရီးသွား ကန့်သတ်မှုများ၊ တပြိုင် တည်းတွင် အစိုးရ၏ မလုံလောက်သော ပံ့ပိုးမှုများကြောင့် မူလကတည်းက ထိခိုက်နစ်နာလွယ်သော ရပ်ရွာများအဖို့ ပို၍ ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ကူးစက်မှု အတည်ပြုနိုင်သော လူနာ ၁၂၄,၆၃၀ ဦး ရှိပြီး၊ ၂,၆၈၂ ဦး သေဆုံးခဲ့သည်။

ပဋိပက္ခများ ဖြစ်ပွားနေသည့် တိုင်းရင်းသားဒေသများအတွင်း အရပ်သားလူထုများအတွက် ထပ်၍ ရှုပ်ထွေးခက်ခဲစေသည့် အချက်မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း အပါအဝင် ဒေသများတွင် စစ်အင်အားတိုးချဲ့ချထားခြင်း ဖြစ်သည်။ အင်အားမတန် တဆ လက်နက်ကြီးများဖြင့် တိုက်ခိုက်ပစ်ခတ်မှုများကြောင့် ကရင်ပြည်နယ် မြောက်ပိုင်းတွင် အရပ်သား ၄,၀၀၀ ကျော် အိုးအိမ် စွန့်ပစ် ထွက်ပြေးခဲ့ကြရသည်။ ကယားပြည်နယ်တွင် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် တပ်မတော် အကြား တိုက်ပွဲများ ဆက်၍ ဖြစ်ပွားနေသည်။

ဩဂုတ်လ ၄ ရက်နေ့တွင် အပစ်ရပ် လက်မှတ်ထိုးထားသည့် တိုင်းရင်းသား ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် ပြည်ထောင်စု တည်ဆောက်ရေး သဘောတူညီချက် အချက် ၂၀ ချမှတ်နိုင်ခဲ့ပြီး၊ အထွေထွေ ရွေးကောက်ပွဲပြီးနောက် မည်သည့်အစိုးရ တက်ရောက်သည်ဖြစ်စေ တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေး သဘောတူညီခဲ့သည်။ သို့သော်လည်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက်များ ရရှိနိုင်ရေးနှင့် ထိရောက်မှုအပေါ် သံသယကြီးမားစွာ ရှိနေဆဲ ဖြစ်သည်။

နိုဝင်ဘာလတွင် အာဏာရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အထွေထွေ ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရ ရှိသည်။ တိုင်းရင်းသား နိုင်ငံရေးပါတီများမှာ သိသာသည့် အောင်မြင်မှုများ ရရှိသော်လည်း၊ စစ်တပ်က ကျောထောက်နောက်ခံ ပြုထားသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှာ ဆိုးရွားစွာ ရှုံးနိမ့်ခဲ့သည်။

ကြီးမားသည့် ဖြစ်ရပ်များ ဖြစ်ပေါ်ခြင်းမရှိဘဲ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး၊ ရခိုင်ပြည်နယ်ရှိ အချို့သော မြို့နယ်များနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် အချို့သောနေရာများတွင် လုံခြုံရေး အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲပြုလုပ်ရန် တားမြစ်ထားသည့်အခါ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ရိုဟင်ဂျာများကဲ့သို့သော အချို့သော တိုင်းရင်းသားလူနည်းစုများမှာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များမှ ဖယ်ကျဉ်ခံထားရသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် နှင့် သီးခြားလွတ်လပ်သည့် လေ့လာစောင့်ကြည့်သူများက ယခုရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတကြောင်း နိဂုံးချုပ်သုံးသပ်ကြသော်လည်း အတိုက်အခံ USDP ပါတီက အစိုးရအနေဖြင့် မရိုးသားမှုများ ဆောင်ရွက်ခဲ့ကြောင်း စွပ်စွဲခဲ့ကြသည်။ သို့သော် သက်သေ အထောက်အထားများ တင်ပြခြင်း မရှိပါ။ စစ်တပ်က နောက်ပိုင်းတွင် ရွေးကောက်ပွဲ မဲမသမာမှုကို အကြောင်းပြ၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းယူခဲ့သည်။

# ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံတွင် ပထမဦးဆုံး COVID-19 ကူးစက်မှုကို ဇန်နဝါရီလတွင် စတင်တွေ့ရှိရသည်။ မတ်လတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းကို ၂၀၂၁ ခုနှစ်တိုင် အကြိမ်ကြိမ် သက်တန်းတိုး၍ ဆက်ထားခဲ့သည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် အမျိုးမျိုးသော ကန့်သတ်မှုများ ပါဝင်ပြီး၊ ခရိုင် တခုနှင့် တခု ခရီးသွားလာခြင်းကို ကန့်သတ်ခြင်း၊ လူစုလူဝေး ပြုမှုကို တားမြစ်ခြင်း နှင့် ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်းများ ပါဝင်သည်။ ဈေးဆိုင်များနှင့် ဖျော်ဖြေရေး နေရာများကို ပိတ် စေသည်။ လူမှုရေးအရ စုဝေးမှုကို လျှော့နည်းစေရန် အရက်ရောင်းချခြင်းကို ဧပြီလ တလုံးပိတ်ပင်ခဲ့ပြီး၊ ရေကစားပွဲတော် ကိုလည်း ရွှေ့ဆိုင်းခဲ့သည်။ လူများကိုလည်းနှာခေါင်းစည်းဝတ်ဆင်စေရန်တိုက်တွန်းသည်။

အရပ်သားများအတွက် နိုင်ငံများ၏ နယ်စပ်များ ပိတ်ထားမှုနှင့်

နိုင်ငံတကာမှ ထိုင်းနိုင်ငံအတွင်းသို့ လာရောက်သူများအပေါ် စောင့်ကြည့် ကွာရန်တင်း ဆောင်ရွက်မှုများကြောင့် COVID ကူးစက်မှုများကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ တနှစ်လုံးတွင် COVID-19 ကူးစက်မှုများသည် နိုင်ငံတကာမှဖြစ်ပြီး၊ မိမိဒေသ အတွင်း ကူးစက်မှု အလွန်နည်းပါးသည်။ သို့ဖြစ်ရာ ကန့်သတ်မှု များ တဖြည်းဖြည်း ပြန်၍ ဖြေလျှော့လာခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာလတွင် COVID-19 ကူးစက်မှု ရုတ်ချည်းပြန်၍ မြင့် မား လာပြီး တနေ့လျှင် ကူးစက်မှု ၈၀၀ ကျော် ရှိခဲ့သည်။ ဤကူးစက် မှုအများကို ဘန်ကောက်မြို့ပြင်ပရှိ ရွှေ့ပြောင်းလုပ်သား များ နေထိုင်ရာ ရပ်ကွက်များတွင် အဓိက တွေ့ရသည်။ ဤသို့ ကူးစက် မှုမြင့်မားလာမှုနှင့်အတူ လူစုလူဝေး ပြုခြင်းများ ပြန်၍ ကန့်သတ်ခြင်း၊ ဖျော်ဖြေရေးနေရာများ ပြန်၍ ကန့်သတ်ခြင်းများ ဆောင်ရွက်လာခဲ့သည်။ ယခုနှစ်ကုန်တွင် ထိုင်းနိုင်ငံတွင် ကူးစက်မှု ၆,၈၈၄ ဦးနှင့် သေဆုံးမှု ၆၁ ဦး ရှိခဲ့သည်။

၂၀၂၀ ခုနှစ်ဒုတိယနှစ်ဝက်ပိုင်းတခုလုံးအရေးပေါ်အမိန့်ထုတ်ပြန် မှုများကို ဆန့်ကျင်၍ ထိုင်းနိုင်ငံတွင် ဆန္ဒပြပွဲများ ဖြစ်ပေါ် နေခဲ့ သည်ကို တွေ့ရသည်။ လူမှု မီဒီယာများမှတဆင့်၊ မတူခြားနားသော နေရာများမှတဆင့် လူစုလူဝေးများ စုဝေးခဲ့ကြပြီး၊ ဆန္ဒပြပွဲများက နိုင်ငံတဝန်းတွင် ဖြစ်ပေါ်နေခဲ့သည်။ ဘန်ကောက်တွင် ပို၍ စုဝေးမှု သိပ်သည်းသည်။ ဆန္ဒပြသူများက တောင်းဆိုချက် ၃ ခုအပေါ် တွင် အလေးအနက်ပြုကြသည်။ ယင်းတို့မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် ရေးဆွဲရေး၊ ဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ နှုတ်ထွက်ပေးရေး နှင့် ဘုရင်စနစ်ကို ပြုပြင်ပြောင်းလဲရေးအတွက် ဖြစ်သည်။

# ဒုက္ခသည်များ

နိုဝင်ဘာလတွင် ဒုက္ခသည်စခန်းများအတွင်း COVID-19 ကူးစက်ခံရမှု လူနာ တစ်ဦးသာ ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းကူးစက် ခံရသူသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေပြီး၊ အုန်းဖျံမိုင်စခန်းရှိ ဆွေမျိုးများကို တွေ့ဆုံရန် လာလည်ခြင်း ဖြစ်သည်။ သို့ ဖြစ်ရာ စခန်းတွင် COVID-19 ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိသည်။ စခန်းကို ချက်ချင်း ပိတ်ချပြီး၊ လူနာကို ဒေသခံ ထိုင်းဆေးရုံသို့ လွှဲပြောင်း ပေးပို့လိုက်သည်။ စခန်းကော်မီတီများနှင့် ကျန်းမာရေး လုပ်သားများက ထိရောက်သည့် ကာကွယ်မှု ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်၊ လူအများ မကူးစက်စေရန် ကာကွယ်ပေးနိုင်ခဲ့သည်။ ထိုသူမှာ ဆေးရုံမှ ဆင်းသည့်အခါ မြန်မာနိုင်ငံသို့ ပြန်၍ ပို့ဆောင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ COVID-19 ကူးစက်ကပ်ဘေးကြောင့်စခန်းများ၏ လှုပ်ရှားမှုများ နှင့် လုပ်ငန်းအစီအစဉ်များအပေါ် ကြီးစွာ ထိခိုက်သက်ရောက်မှု ရှိစေခဲ့သည်။ အဝင်-အထွက်ကို တင်းကျပ်စွာ ကန့်သတ်ခြင်းကြောင့် ဒုက္ခသည်များအဖို့ စခန်းပြင်ပသို့ ထွက်၍ ဝင်ငွေ အခွင့်အလမ်း မရှာနိုင်ကြတော့ဘဲ ဆိုးကျိုးထိခိုက် သက်ရောက်စေသည်။


နယ်စပ်ဖြတ်ကျော်မှုတွင် တင်းကျပ်ကန့်သတ်မှုများကြောင့်၊ ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ရှေ့ဆောင်သည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေး အစီအစဉ်မှာ ဖေဖော်ဝါရီလတွင် လျာထားသော်လည်း၊ ဆိုင်းငံ့ခဲ့ရသည်။ ယခု နှစ်တွင် တရားဝင် အစီအစဉ်ဖြင့် မည်သူတဦးမျှ အိမ်ပြန်နိုင်ခြင်း မရှိပါ။ အဆိုပြု ထားသော ဒုက္ခသည်များအတွက် "ဂငယ် ကွေ့" U-turn အစီအစဉ်မှာလည်း တိုးတက်မှု မရှိပါ။ ယင်းမှာ ဒုက္ခသည်များက မြန်မာနိုင်ငံသို့ပြန်၍ နိုင်ငံသား မှတ်တမ်း အထောက်အထား များ လျှောက်ထားပြီး၊ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် ပြန်လာပူးပေါင်းလုပ်ရန် ဖြစ်သည်။ အစိုးရ က ဒုက္ခသည် စခန်းများအတွင်း သူတို့၏ လူဦးရေ စိစစ်ခြင်း အစီအစဉ် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သော်လည်း၊ အချက်အလက်ဒေတာများ ကို နောက်ဆုံး အချောမသတ်ရသေးပါ။ သို့သော်လည်း လူ ၉၈၂ ဦးမှာ တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချရန် ထွက်ခွာသွားခဲ့ ကြပြီး၊ ၁,၃၆၂ ဦးမှာ သတင်းများအရ ထိုင်းနိုင်ငံတွင် အလုပ်အ ကိုင် အခွင့်အလမ်းများ ရှာဖွေရန် ထွက်သွားကြ သည်။ စခန်း များအတွင်း ကလေး ၁,၅၉၄ ဦး မွေးဖွားခဲ့သည်။[3] ဒီဇင်ဘာလ ကုန်တွင် စခန်း ၉ ခု၌ လူဦးရေ၇၉,၄၆၃ ဦး (အမျိုးသမီး ၅၁%) ကျန်ရှိနေသည်။ ယခုနှစ်အတွင်း စုစုပေါင်း ၂% လျော့သွားသည်။[4]

# ရွှေ့ပြောင်းလူထုများ

COVID-19 ကူးစက်ကပ်ဘေး စတင်ဖြစ်ပွားချိန်မှစ၍ ရွှေ့ပြောင်းလုပ်သားများ၊ အထူးသဖြင့် မြန်မာနိုင်ငံမှ လုပ်သား များသည် ယခု အကျပ်အတည်း၏ ရှေ့တန်းမှ ရင်ဆိုင်ရုန်းကန် ခဲ့ကြရသည်။ ရွှေပြောင်းလူထု အုပ်စုများအကြား COVID-19 ကူးစက် ရောဂါ ပြန့်နှံ့ကူးစက်လာသည်နှင့်အမျှ အိမ်များအတွင်း ပြွပ်သိပ်ကျပ်တည်းစွာ လူနေရသည့် အခြေအနေကြောင့် ပို၍ ဆိုးရွား စေသည်။ သို့အတွက်ကြောင့် အချိုးအစား မမျှစွာ သက်ရောက် ကူးစက်စေသည်။ အချို့သော ရွှေ့ပြောင်းလူထု များက တန်းလျားသဖွယ် တန်းစီစု၍ နေထိုင်ကြရပြီး၊ အချို့သော သူများမှာ လုပ်ငန်းခွင်များမှ နှင်ထုတ်ခံကြရသည်။ မြန်မာနိုင်ငံ သို့ လူထောင်နှင့် ချီ၍ ပြန်ကြပြီး၊ ယခုအခါ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်း လုပ်သားများ ရှားပါးသွားသည်။ ထို့အပြင် နယ်စပ်များကို ပိတ်ပစ်ခြင်းနှင့်အတူ ရွှေ့ပြောင်းလုပ်သားများ ထိုင်းနိုင်ငံသို့ ပြန် ၍ မလာနိုင်ကြခြင်း ပူးတွဲဖြစ်ပေါ်သည့်အခါ ထိုင်းနိုင်ငံရှိ လုပ်ငန်း ခွင်များတွင် လုပ်အားပြတ်လပ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက်၊ ဒုက္ခသည်များကို ယာယီခွင့်ပြု ခိုင်းစေရန် အလား အလာ ဖြစ်ပေါ်လာသည်။

3 IOM Thailand departure statistics as of December 2020
4 https://www.theborderconsortium.org/wp-content/uploads/2021/01/2020-12-December-map-tbc-unhcr.pdf

# စခန်းတွင်းရှိ ဒုက္ခသည် လူဦးရေ (ဒီဇင်ဘာလ၊ ၂၀၂၀ ခုနှစ်)




| ယာယီ ခိုလှုံရာစခန်း | TBC က စိစစ်ထားသည့် အမှုများ | | | TBC က ထောက်ပံ့ထားသည့် လူဦးရေ | MOI/UNHCR စိစစ်ထားသည့် လူဦးရေ |
|---|---|---|---|---|---|
| ခရိုင်/ စခန်း | မ | ကျား | စုစုပေါင်း | စုစုပေါင်း | စုစုပေါင်း |
| **မဲဟောင်ဆောင်** | | | | | |
| ဘန့်မဲနန်းဆွယ် | ၃၈၈၇ | ၃၉၁၈ | ၇၈၀၅ | ၇၄၉၉ | ၈၂၀၂ |
| ဘန့်မဲဆူရင်း | ၉၄၇ | ၉၈၆ | ၁၉၃၃ | ၁၉၀၇ | ၁၉၄၈ |
| မဲလအုန်း | ၄၂၁၄ | ၃၉၇၀ | ၈၂၆၄ | ၇၈၇၆ | ၉၀၁၉ |
| စုစုပေါင်း | ၁၃၃၄၀ | ၁၃၀၆၉ | ၂၆၄၀၉ | ၂၅၅၄၆ | ၂၉၀၇၁ |
| **တခ်ခရိုင်** | | | | | |
| မဲလ | ၁၅၂၃၁ | ၁၄၂၇၄ | ၂၉၅၀၅ | ၂၈၆၄၀ | ၃၄၃၂၀ |
| အုန်းဖျံမိုင် | ၄၄၅၁ | ၄၃၄၆ | ၈၇၉၇ | ၈၅၆၆ | ၁၀၇၆၆ |
| နိုဖိုး | ၃၉၁၁ | ၃၆၂၄ | ၇၅၃၅ | ၇၄၀၈ | ၉၄၇၂ |
| စုစုပေါင်း | ၂၃၅၉၃ | ၂၂၂၄၄ | ၄၅၈၃၇ | ၄၄၆၁၄ | ၅၄၅၅၈ |
| **ကန်ချနဘူရီ** | | | | | |
| ဘန့်တုန်ယန် | ၁၀၉၄ | ၁၀၆၅ | ၂၁၅၉ | ၂၁၄၂ | ၂၄၄၂ |
| **ရတ်ဘူရီ** | | | | | |
| ထမ်ဟင်း | ၂၆၈၅ | ၂၃၇၃ | ၅၀၅၈ | ၄၉၃၅ | ၅၇၃၂ |
| **စုစုပေါင်း ဒုက္ခသည်** | ၄၀၇၁၂ | ၃၈၇၅၁ | ၇၉၄၆၃ | ၇၇၂၃၇ | ၉၁၈၀၃ |

### တိုင်းရင်းသားလူမျိုးအလိုက် ဒုက္ခသည်များ

| | |
|---|---|
| ကရင် | ၈၀.၄၀% |
| ကရင်နီ | ၉.၇၀ % |
| ဗမာ | ၃.၃၀ % |
| မွန် | ၀.၆၀ % |
| အခြား | ၆.၁၀ % |

### အသက်အုပ်စုအလိုက် ဒုက္ခသည်များ

| | |
|---|---|
| မွေးကင်းစ- ၆ လအောက် | ၀.၈၀ % |
| ၆ လ- ၅ နှစ်အောက် | ၁၀.၄၀ % |
| ၅ နှစ်- ၁၈ နှစ်အောက် | ၃၃. ၆၀ % |
| ၁၈ နှစ်နှင့် အထက် | ၅၅. ၂၀ % |




မှတ်ချက်။

၁။ စိစစ်ထားသော အမှုများတွင် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည် ဖြစ်စေ စခန်းတွင်နေထိုင်သည်ဟု အတည်ပြုထားသော လူအားလုံးပါဝင်သည်။ ရိက္ခာခံစားခွင့် ရှိသည်။

၂။ TBC က ထောက်ပံ့ပေးသည့် လူဦးရေမှာ ပြီးခဲ့သည့်လတွင် ရိက္ခာရယူခဲ့သည့် အကျိုးခံစားခွင့်ရှိသူ အားလုံး ပါဝင်သည်။ ရိက္ခာထောက်ပံ့ရာ၌ ရိက္ခာဖြန့်ဖြူးချိန်တွင် လူကိုယ်တိုင်ရှိနေသောသူများကိုသာ ပေးအပ်သည်။

၃။ တော်ဝင်ထိုင်းအစိုးရနှင့် ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR တို့က မှတ်ပုံတင်ထားသူ နှင့် မတင်ထား သည့်သူများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း စိစစ်မှုပြုခဲ့သည်။ ယင်းကို လစဉ်ပြန်၍ စိစစ်ဖြည့်စွက်သည်။



# အခန်း- ၃
## အစီအစဥ်များ

Photo by: Saw Mort

၂၀၂၀ ခုနှစ် တနှစ်လုံးတွင် TBC အဖွဲ့က မဟာဗျူဟာ လမ်းညွှန်ချက် ၄ ချက်ကို ပြည့်ဝနိုင်အောင် လုပ်ဆောင်ခဲ့ပါသည်။ ယင်း တို့မှာ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ စားနပ်ရိက္ခာ လုံခြုံမှုကို ဆောင်ရွက်ပေးခြင်း၊ ဂုဏ်သိက္ခာရှိသော အနာဂတ်များဖြစ်အောင် သေချာဆောင်ရွက်ပေးခြင်း နှင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုအဖြစ် အားဖြည့် ဆောင် ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။ စိန်ခေါ်မှု အခက်အခဲများ မိမိတို့ ကြုံတွေ့ခဲ့ရသော်လည်း၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ စစ်ပွဲ ပဋိပက္ခများ သက်ရောက်ခံစားနေကြရသူများ၏ ဘဝတိုးတက်ရေး အတွက် သိသာထင်ရှားသည့် စွမ်းဆောင်မှုများ ပြုနိုင်ခဲ့ပါသည်။

# မဟာဗျူဟာ လမ်းညွှန်ချက် ၁

## လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ

အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသူများ ရပ်ရွာလူထုများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေး ခြင်း ဖြစ်သည်။ အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ နှင့် ဖျားနာနေသူများ၊ မသန်စွမ်းသူများကို အလေးထား ၍ ဆောင်ရွက်သည်။

## အရေးပါသည့် အချက်များ

### ထိုင်းနိုင်ငံ

- စခန်းများအတွင်း COVID-19 ကူးစက်မှု ကာကွယ်ရေးအတွက် လုပ်ငန်းစဉ်များ အလျှင်အမြန် ချမှတ်ဆောင်ရွက်နိုင်၍ အကြီးအကျယ် ကူးစက်ပြန့်နှံ့မှုဘေးမှ ကာကွယ်နိုင်သည်။
- COVId-19 နှင့် ပတ်သက်၍ ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် စခန်းပြင်ပတွင် အလုပ်မရှာနိုင်ကြတော့သော ဒုက္ခသည်များ၏ စားနပ်ရိက္ခာအတွက် စိုးရိမ်ပူပန်မှု လျော့နည်းစေရန် စားနပ်ရိက္ခာကဒ် တန်ဖိုးကို တိုးမြှင့်ပေးခဲ့သည်။
- ဆက်သွယ်ရေး အခြေခံ အဆောက်အဦများ အကန့်အသတ်ရှိနေသော်လည်း၊ စခန်းအစည်းအဝေးများနှင့် သင်တန်းများကို အဝေးမှနေ၍ အောင်မြင်စွာ လွှဲပြောင်း ဆောင်ရွက်နိုင်သည်။

### မြန်မာနိုင်ငံ

- ရပ်ရွာ ကျန်းမာရေး လုပ်သားများထံသို့ ကူညီ၍ ကွာရန်တင်း ဌာနများ ဆောက်လုပ်နိုင်ခြင်း၊ ရွှေ့လျား ပြည်သူလူထု ပညာပေး ကမ်ပိန်းလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခြင်း နှင့် ကာကွယ်ရေး ဝတ်စုံ PPE (လူပုဂ္ဂိုလ် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းကရိယာ) ကူညီ ဝေမျှနိုင်ခဲ့သည်။
- စားနပ်ရိက္ခာ မလုံခြုံမှု သက်သာ လျော့နည်းစေရေးအတွက် လူထု ၁၁,၅၀၀ ဦးထံသို့ ငွေသား ထောက်ပံ့မှုများ ပေးအပ်နိုင်ခဲ့သည်။

# ထိုင်းနိုင်ငံ

COVID-19ရောဂါကူးစက်ပြန့်နှံ့မှုကြောင့် TBCအဖွဲ့က လူသားချင်းစာနာမှုဆိုင်ရာအရေးပေါ် အခြေအနေဖြစ်ပွားလာမည်ကိုရှောင်လွှဲနိုင်ရန်၊ သို့မဟုတ် စခန်းများအတွင်း COVID-19 ကူးစက်ပြန့်နှံ့မှု မဖြစ်ပွားစေရေးအတွက် လိုအပ်သည့် လုပ်ငန်း ဆောင်တာများ ဆောင်ရွက်ခဲ့ရသည်။ လူစုလူဝေး ပြုမှုအားလုံးကို ရပ်ဆိုင်းထားခဲ့ပြီး၊ စခန်းများသို့ အရေးမကြီးသည့် ခရီးသွား လာမှု အားလုံးကိုလည်း ရပ်ဆိုင်းထားခဲ့သည်။ လူပုဂ္ဂိုလ် လုံခြုံရေးဝတ်စုံ (PPE) များကိုလည်း ဖြန့်ဝေပေးခဲ့သည်။ စခန်းများ အားလုံးတွင် လက်ဆေးစင် နှင့် တကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ နေရာများကိုလည်းထားရှိသည်။ စခန်းများအနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုမှရှောင်ရှားနိုင်ရန် အရန်စားနပ်ရိက္ခာများကိုလည်းစခန်းများတွင် သိုလှောင်ထားခဲ့ပြီး၊ လူချင်းထိတွေ့မှုမရှိ သည့် ရိက္ခာဖြန့်ဖြူးမှုစနစ်များကို ကျင့်သုံးခဲ့သည်။ TBC နှင့် ဒေသခံမိတ်ဖက်အဖွဲ့များက

COVID-19 ကူးစက်ကပ်ဘေးနှင့် ပတ်သက်၍ သတင်းများ၊ အကောင်းဆုံး ကျင့်သုံးလုပ်ကိုင်ပုံများကို ဖလှယ်ဝေငှကြပြီး၊ ဒုက္ခသည်များကို နောက်ဆုံးသတင်း များ သိရှိနိုင်ရန် နှင့် ကူးစက်ဘေးမှ ကာကွယ်နိုင်ရန် ကူညီပေးခဲ့သည်။ ကွာရန်တင်းစင်တာများကို တည်ဆောက်ခဲ့ပြီး၊ အပူ ချိန်တိုင်းတာ စစ်ဆေးခြင်းကိုလည်း ပုံမှန်လုပ်ဆောင်ခဲ့သည်။ စခန်း၏ ကျန်းမာရေးအဖွဲ့ကလည်း စခန်းများအတွင်း COVID-19 မပြန့်ပွားစေရန် ပြင်ဆင်ထားခဲ့သည်။ ဤဆောင်ရွက်ချက်များအားလုံးသည် စခန်းများအတွင်း လုံလောက်သည့်ပြင်ဆင် ထားမှု ရှိရန် နှင့် အကယ်၍ ကူးစက်ပြန့်နှံ့မှု အကြီးအကျယ်ဖြစ်လာပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပြုလုပ်ထားခြင်း ဖြစ်သည်။ ဤသို့ တင်းကျပ်သည့် လုပ်ဆောင်မှုများ ထားရှိသော်လည်း၊ COVID-19 ကူးစက်မှုကြောင့် ခရီးသွားလာမှုများ ကန့်သတ်ထား ခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာ ပင်မကူညီဝန်ဆောင်ပေးမှုများအပေါ် သက်ရောက်ထိခိုက်မှု မရှိစေခဲ့ပါ။ ယင်းကာလ အတွင်း ဆက်လက်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

COVID-19 ရောဂါ ကူးစက်မှု ကန့်သတ်ချက်များကြောင့် ဒုက္ခသည်များ၏ စခန်းပြင်ပတွင် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ထိခိုက်နစ်နာစေခဲ့သည်။ သို့ဖြစ်ရာ ဒုက္ခသည်များအတွင်း စားနပ်ရိက္ခာ လုံခြုံမှုအတွက် စိုးရိမ်စိတ်များ မြင့်မားလာသည်။ တုံ့ပြန်မှုအနေဖြင့် ဧပြီလမှ ဇူလိုင်လအထိ TBC အဖွဲ့က စားနပ်ရိက္ခာကဒ် တန်ဖိုးကို အိမ်ထောင်စုအားလုံး အတွက် မြှင့်တင်ပေးခဲ့သည်။ အများဆုံး ထိခိုက်နစ်နာနိုင်သည့် အိမ်ထောင်စုများကို ထောက်ပံ့ပေးသည့် နှုန်းထားတိုင် မြှင့် တင်ပေးခဲ့ပြီး၊ ဒုက္ခသည်အားလုံး အနိမ့်ဆုံးလိုအပ်သည့် အာဟာရ လိုအပ်ချက်များ ရရှိစေရန် သေချာဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ကူးစက်ကပ်ဘေးကြောင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ ထိခိုက်သက်ရောက်မှုရှိလာသောကြောင့် ထိုင်း နိုင်ငံတွင် စားနပ်ရိက္ခာဈေးတက်လာရာ ဧပြီလကုန်တွင် စားနပ်ရိက္ခာကဒ် တန်ဖိုးကို ၅% နောက်ထပ် မြှင့်ပေးခဲ့သည်။ နောက်ပိုင်း၌ ယခုတနှစ်လုံးတွင် စားနပ်ရိက္ခာကဒ် တန်ဖိုးကို ဆက်လက်၍ မြှင့်ထားပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော် မိမိဘာသာ ဖူလုံမှုရှိသည့် အိမ်ထောင်စုများသည် အပိုထောက်ပံ့မှု ဆက်၍ ရရှိမည် မဟုတ်ပါ။ ဤသို့ တိုးမြှင့် ထောက်ပံ့မှုသည် ဒုက္ခသည်များအနေဖြင့် သူတို့ သက်မွေးဝမ်းကျောင်းကိစ္စများ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကူညီပေးမှုဖြစ်ပြီး၊ စိုးရိမ်ပူပန်မှုများ သက်သာဖြေလျှော့စေရန် ဖြစ်သည်။

COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ကန့်သတ်ချက်များ ရှိနေသော်လည်း၊ လျာထားသည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်တာများကို ၂၀၂၀ ခုနှစ် တနှစ်လုံးတွင် စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းတို့တွင် ရိက္ခာ ခွဲတမ်းစာအုပ် အသစ်ထုတ်ပေးခြင်း၊ အမိုးအကာ ပစ္စည်းများကို ဧပြီလတွင် ဖြန့်ဖြူးပေးခြင်းတို့ ပါဝင်သည်။ ယင်းပစ္စည်းများ တွင် ဝါးနှင့် ယူကလစ်ပင်တိုင်လုံး၊ သက်ကယ်တို့ ပါဝင်ပြီး အမိုးအကာအဖွဲ့နှင့် အမိုးအကာဆိုင်ရာ အလုပ်အဖွဲ့တို့က ဖွန်လ တွင် ပြင်ဆင်မှု၊ ပြန်လည်တည်ဆောက်မှု လုပ်ငန်းများအားလုံး ပြီးစီးနိုင်ခဲ့သည်။ အဓိကကျသည့် ပစ္စည်းများ သိုလှောင်ရာ နေရာများနှင့် မီးကင်းမျှော်စင်များကို ပြင်ဆင်တည်ဆောက်ပြီးစီးခဲ့သည်။ အမိုးအကာ ပစ္စည်းများ ဖြန့်ဖြူးပြီးနောက် စောင့် ကြည့်လေ့လာမှု (PDM) ကိုလည်း ဆောင်ရွက်ပြီးစီး၍ အမိုးအကာအဖွဲ့ကစခန်းတွင်းရှိအဆောက်အအုံများလက်ရှိအခြေအနေနှင့်ပတ်သက်၍ဒေတာအချက်အလက်များ၊အမိုးအကာပစ္စည်းများ စုဆောင်းထားမှု မရှိမဖြစ် လိုအပ်ချက်များ အကဲဖြတ်ခြင်းပြု၍ စုဆောင်းနိုင်ခဲ့သည်။ FCS ထောက်ပံ့သူများက CompuLynx စနစ်မှ RedRose စနစ်သို့ ပြောင်းလဲနိုင်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စခန်းများအားလုံးအတွက် ပြီးစီးခဲ့သည်။

သင်တန်းအများစုကို အွန်လိုင်းပေါ်သို့ ပြောင်းရွှေ့ခဲ့ပြီး၊ စခန်းရှိ ဝန်ထမ်းများအတွက် ပုံမှန်သင်တန်းများကို လူမှုရေးအရ ခပ်ခွာခွာ နေစေ၍ ကျင်းပဆောင်ရွက်ခဲ့သည်။ ယင်းသင်တန်း ခေါင်းစဉ်များမှာ လိုက်နာရမည့် ကျင့်ထုံးများ (CoC)၊ ကလေး များကို ကာကွယ်မှုပေးရေး၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု နှင့်ကျူးလွန်မှု၊ လိင်မှုဆိုင်ရာ ချိုးနှိမ်ဖိနှိပ်မှုများကို ကာကွယ်မှုပေး ရေး (PSEAH) တို့ ဖြစ်သည်။ ဖြစ်ရပ်များစွာတွင် စခန်းဝန်ထမ်းများက လူ-လူချင်း မျက်နှာချင်းဆိုင် တွေ့ဆုံမှုမှသည် အွန် လိုင်းစနစ်ပေါ်သို့ အောင်မြင်စွာ ပြောင်းရွှေ့နိုင်ခဲ့ကြသည်။ စခန်းများနှင့် TBC တို့ နေ့စဉ်ဆက်သွယ်မှုများ ဆောင်ရွက်နိုင်ခဲ့ ကြသည်။

အမိုးအကာနှင့် ပတ်သက်၍မှု ၂၀၂၀ ခုနှစ်အတွင်း အရေးပေါ်အခြေအနေ ၂၀ ခု အစီရင်ခံချက် ရရှိခဲ့သည်။ ယင်းတို့မှာ များ သောအားဖြင့် မီးဘေး၊ မြေပြိုခြင်း နှင့် မုန်တိုင်းဘေးကြောင့် ပျက်စီးရခြင်းတို့ ဖြစ်သည်။ စုစုပေါင်း အိမ် ၅၁ လုံးကို ပြင်ဆင် ပေးနိုင်ခဲ့ပြီး၊ အိမ် ၃၆ လုံးမှာ တစိတ်တပိုင်း ပျက်စီးခဲ့သည်။ အိမ် ၁၈ လုံးမှာ မီးမကူးစက်စေရန် ဖျက်ဆီးခဲ့ရသည်။ တနှစ်လုံး တွင် စုစုပေါင်း အိမ် ၁၀၅ လုံး ထိခိုက်သက်ရောက်မှု ရှိခဲ့သည်။

# မြန်မာနိုင်ငံ

TBC အဖွဲ့၏ မိတ်ဖက်အဖွဲ့အစည်းများက မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် စစ်ပွဲ ပဋိပက္ခများ ထိခိုက်ခံစားနေရသူ လူ ပေါင်း ၃၀,၀၀၀ ကျော်၏ ကြံ့ကြံ့ခံနိုင်မှုကို၊ COVID-19 ကူးစက်ဘေးကြောင့် ထင်မှတ်မထားသည့် ရုတ်ချည်းပြောင်းလဲမှုများ ရှိနေသည့်တိုင် အားဖြည့်ကူညီနိုင်ခဲ့သည်။ သဘာဝကပ်ဘေး အန္တရာယ် လျှော့ချနိုင်ရေးကြိုးပမ်းချက်များ ဆောင်ရွက်နိုင်ခဲ့ ပြီး၊ ယင်းတို့တွင် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများက ဆေးပစ္စည်းများ ကြိုတင်ပို့ဆောင် နေရာချခြင်းများလည်း ပါဝင်သည်။

COVID-19 ကူးစက်ဘေး တုံ့ပြန်မှုအဖြစ် ကွာရန်တင်းစင်တာများ ဆောက်လုပ်ပြီး၊ လူထု အသိပညာပေး လှုပ်ရှားမှုများကို လည်း ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများအတွက် တကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE) များကို ဖြန့်ဝေပေးခဲ့ သည်။ TBC ၏ မိတ်ဖက်အဖွဲ့အစည်းများက အစီအစဉ်များ၊ ဘတ်ဂျက်များကို လျှင်မြန်စွာပင် ပြန်၍ သုံးသပ်ပြင်ဆင်ခဲ့ကြပြီး၊ Covid-19 ကူးစက်ဘေးကြောင့် ထိခိုက်သက်ရောက်မှုများကို အဓိကအားဖြင့် နည်းလမ်း ၄-ခုဖြင့် ထိခိုက်သက်ရောက်မှု လျှော့နည်းစေခဲ့သည်။ ယင်းတို့မှာ -

- ကနဦး တုံ့ပြန်ဆောင်ရွက်မှုမှာ ဘေးအန္တရာယ် လျှော့ချရေး နှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံရေး (RCCE) အပေါ် အလေးထား ပြီး၊ အသိပညာ မြှင့်တင်ပေးသည်။ လူမှုရေးအရ ခပ်ခွာခွာ နေထိုင်စေခြင်း၊ လက်ဆေးခြင်း နှင့် နှာခေါင်းစည်း ဝတ်ဆင်ခြင်း စသည့် အမူအကျင့်ပြောင်းလဲမှုများကို အားပေးသည်။

- ယင်းလုပ်ငန်းများကို နှာခေါင်းစည်း အပါအဝင် တကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE)၊ အနီအောက်ရောင်ခြည်သုံး အပူချိန် တိုင်း ကရိယာ၊ လက်ဆေးစင်တို့ကို ရပ်ရွာကျန်းမာလုပ်သားများသို့ ကူညီဖြန့်ဝေပေးခြင်းတို့ဖြင့် ဖြည့်စွက် ဆောင်ရွက်သည်။

- တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများ (ESPs) နှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs) စစ်ဆေးသည့်နေရာ များ နှင့် ကွာရန်တင်းစင်တာများတွင် ကိုယ်တိုင်ကိုယ်ကျ ရှိနေကြခြင်းအားဖြင့် ရွှေ့ပြောင်းလူထုများ အိမ်ပြန်လာ သည့် ကိစ္စ၊ လူထုများ ရွှေ့ပြောင်းသွားလာခြင်းကိစ္စများကို ကန့်သတ်ရန် မရှိမဖြစ် အရေးကြီးသည်။

- ဈေးကွက်များ နှင့် လယ်ကွင်းများသို့ သွားရောက်ရန် ကန့်သတ်မှု ရှိလာခြင်းကြောင့် ပဋိပက္ခ စစ်ပွဲများဖြစ်ပွားရာ ဒေသများ တွင် စားနပ်ရိက္ခာ ဖူလုံမှု ဆိုးရွားထိခိုက်လာသည့်အခါ၊ ပစ်မှတ်ထားသည့် ရပ်ရွာလူထုများထံသို့ စားနပ် ရိက္ခာ နှင့် ငွေသားထောက်ပံ့မှုများ ပြုပေးသည့်ကိစ္စမှာ ပို၍ ထင်ရှားသည်။

အများပြည်သူသို့ အသိပညာပေးခြင်း လုပ်ငန်း ထိရောက်မှုအတိုင်းအဆကို အရေအတွက်ဖြင့် ဖော်ပြရန် ခက်ခဲသော်လည်း မိတ်ဖက်အဖွဲ့များ၏ ဖော်ပြချက်အရ လူပေါင်း ၂ သိန်းကျော်ကို ကာကွယ်မှုဆိုင်ရာ လုပ်ငန်းများ အသိပေးနိုင်ခဲ့သည်။ တချိန် တည်းတွင် COVID-19 ကူးစက်မှု လျှော့နည်းကျဆင်းစေရေးအတွက် ကာကွယ်ဆိုင်ရာ ပစ္စည်းများကိုလည်း ထောက်ပံ့ပေး ခဲ့သည်။

ဤသို့သော လုပ်ငန်းများကို ဆန် ၃-လစာနှင့် ညီမျှသည့် ငွေသားထောက်ပံ့ပေးမှုနှင့်အတူ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများက စားနပ်ရိက္ခာ လုံခြုံရေးအတွက် တုံ့ပြန်ဆောင်ရွက်ပေးသည့် အနေဖြင့် လူပေါင်း ၁၁,၅၀၀ ဦးကို အရေးပေါ် ငွေသား ထောက်ပံ့ပေးခဲ့သည်။ ဤသို့ စားနပ်ရိက္ခာ မလုံခြုံဖြစ်ရခြင်းမှာ စစ်အင်အားတိုးချဲ့ချ ထားလာခြင်း နှင့် အရပ်သားများကို မခွဲခြားဘဲ ပစ်ခတ်တိုက်ခိုက်ခြင်း၊ လယ်ကွင်းစိုက်ခြံများကို သိမ်းယူခြင်း၊ ကြွက်ဘေး ကျရောက်ခြင်း နှင့် COVID-19 ကူးစက်မှုနှင့် ပတ်သက်သည့် ခရီးသွားလာမှု ထိန်းချုပ်ခြင်းတို့ကြောင့် ဈေးကွက်များသို့ မသွားရောက်နိုင်ကြခြင်းကြောင့် ဖြစ်သည်။

TBC ၏ မိတ်ဖက်အဖွဲ့များက အိမ်ပြန်လာကြသည့် ရွှေ့ပြောင်းလူထု ၅၀ ကျော်ကို တွေ့ဆုံမေးမြန်းခဲ့ပြီး၊ အများစု (၉၀%) က တရားဝင် လမ်းကြောင်းမှ ပြန်လာကြသည်ကို တွေ့ရှိရသည်။ တရားမဝင်လမ်းကြောင်းမှ ဖြတ်သန်းလာသူများ အားလုံးက ရွာပြန်ရောက်သည့်အခါ ရပ်ရွာအခြေပြုကွာရန်တင်းစင်တာများသို့သတင်းပေးပို့ကြရသည်။ဦးတည်ရာနေရာသို့ရောက်ရှိသည့်အခါ(ကြိုတင်ဆောက်လုပ်ထားသည့် စနစ်တကျ စင်တာများမဟုတ်ကြဘဲ၊ ရွာပြင်ရှိ လယ်တဲများတွင်) နေထိုင်ကြရ သည်။ ဤသို့ဖြစ်ရပ်များတွင် မိသားစုဝင်များက အစားအသောက်များ၊ ရေများ နေ့စဉ် ပြင်ဆင် ပို့ပေးကြသည်။ ကြည့်ရသည် မှာ ထိရောက်စွာ ခွဲခြားနေထိုင်သည့်ပုံရသည်။

## သင်ခန်းစာ ရရှိသည့် အချက်များ

- COVID-19 ကူးစက်မှုနှင့် ပတ်သက်၍ ခရီးသွားလားမှု ကန့်သတ်ခြင်းများကြောင့် ဒုက္ခသည်များအကြား စားနပ်ရိက္ခာ လုံခြုံမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု မြင့်မားခဲ့ရသည်။ ဤသို့ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့နိုင်ရန် စားနပ်ရိက္ခာကဒ် တန်ဖိုး တိုးမြှင့်ထား ပေးခြင်းကို ပုံမှန် ဆက်သွယ်ဖော်ပြရန် လိုအပ်သည်။
- စခန်းအခြေစိုက် သတင်းဖြတ့်ဝေရေးဌာနများသည် COVID-19 နှင့် ပတ်သက်သည့် အကောင်းသုံး ကျင့်သုံးလုပ် ဆောင်မှုများကို မျှဝေဖလှယ်ရန် အကောင်းဆုံး အာရုံစိုက် လုပ်ဆောင်နိုင်ခဲ့သည်။
- တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAO) ၏ စစ်ဆေးရေးဂိတ်များနှင့် ကွာရန်တင်းဌာနများသည် ထိုင်း နိုင်ငံမှ တရားမဝင်လမ်းကြောင်းများဖြင့် အိမ်ပြန်လာကြသူ ရွှေ့ပြောင်းလူထုများကို စောင့်ကြည့်လေ့လာရာ၌ အထူး အရေးကြီးသည့် ကဏ္ဍမှ ပါဝင်သည်။
- တပ်မတော်၏ စစ်အင်အားတိုးချဲ့ခြင်း နှင့် အရပ်ဘက်စစ်ဘက် မခွဲခြားဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းကြောင့် ထိခိုက်နစ်နာမှုများရှိရာ၊ TBC အဖွဲ့၏ မိတ်ဖက်အဖွဲ့အစည်း ကွန်ရက်များက ဤဒေသ များတွင် ဝင်ရောက်ကူညီခြင်းအားဖြင့် ထိခိုက်သက်ရောက်မှု လျှော့ချစေနိုင်ခဲ့သည်။

# မဟာဗျူဟာ လမ်းညွှန်ချက် ၂

## စားနပ်ရိက္ခာ လုံခြုံမှု

စားနပ်ရိက္ခာ လုံခြုံမှုအတွက် အာဟာရ ရရှိမှု တိုးတက်ကောင်းမွန်စေရေး နှင့် ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြင့် အားဖြည့်ပေးခြင်း ဖြစ်သည်။

## အရေးပါသည့် အချက်များ

### ထိုင်းနိုင်ငံ

- COVID-19 ကူးစက်မှုကြောင့် ကန့်သတ်မှုများ ရှိနေသော်လည်း၊ အိမ်ထောင်စုများက စားနပ်ရိက္ခာ ကဒ်စနစ်ဖြင့် ဆက်လက် ၍ သူတို့လိုအပ်သည့် အစားအစာများကို ဝယ်ယူနိုင်ကြသည်။ သို့အတွက်ကြောင့် အစားအစာများမှာ စုံလင်ထွေပြားမှု (၉၄%) ရှိပြီး၊ 'အိမ်ထောင်စုများ ငတ်မွတ်မှု သို့မဟုတ် အနည်းငယ်ဆာလောင် မွတ်သိပ်မှု' မရှိသလောက်၊ သို့မဟုတ် အနည်းငယ်သာ ရှိသည်။ (၉၈%).

- မဲ့ဆူရင်း နှင့် ဘန့်မဲနန်းဆွယ် စခန်းများတွင် ကြက်မွေးမြူရေး အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ကြက်ပေါက်များနှင့် ကြက်မွေးမြူရေး သင်တန်းများကို ထိခိုက်နစ်နာလွယ်သည့် လူထု နှင့် ထိခိုက်နစ်နာနိုင်မှု အရှိဆုံး အိမ်ထောင်စု ၅၀၀ ကျော်သို့ ပေးနိုင်ခဲ့သည်။COVID-19ကူးစက်မှုများကြောင့်သက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှုရှိနေချိန်တွင် ဤသို့ဆောင်ရွက်နိုင်သည်မှာ ပို၍ အရေးကြီးပါသည်။

- COVID-19 ကာကွယ် ထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာ၍ ကမ္ဘာလုံးဆိုင်ရာ မိခင်နို့တိုက်ကျွေးရေး လှုပ်ရှားမှုကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အုပ်စုငယ်များ၊ သရုပ်ပြခြင်းများ ဆောင်ရွက်နိုင်သည်။ လူမှု မီဒီယာ ပလက်ဖောင်းများမှ တဆင့်လည်း အသိပေး ဆောင်ရွက်နိုင်ခဲ့သည်။

### မြန်မာနိုင်ငံ

- ကျန်းမာရေး လုပ်သားများအတွင်း အာဟာရ ရရှိရေးနှင့် ပတ်သက်၍ အသိပညာ မြင့်စေခဲ့သည်။ အာဟာရ ရရှိမှုအပေါ် အကဲပိုသည့် စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပိုမိုလေးနက်စွာ နားလည်သဘောပေါက်စေပြီး၊ မွေးကင်းစ ကလေးများနှင့် ကလေးငယ်များ ကျွေးမွေးမှု (IYCF) ဆိုင်ရာ အမူအကျင့်များ တိုးတက်လာစေခဲ့သည်။

- တောင်ပေါ် စိုက်ပျိုးမှု အလေ့အထများမှတဆင့် လူပေါင်း ၄၀,၀၀၀ ကို ထုတ်လုပ်နိုင်စွမ်းမြင့်စေ၍ အကျိုးဖြစ်စေသည်။

- ကရင် စိုက်ပျိုးရေးဌာနက လူထု ၁၀,၀၀၀ အတွက် မြေပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခဲ့သည်။

## ထိုင်းနိုင်ငံ

TBC အဖွဲ့က အိုးအိမ်စွန့်ပစ် ထွက်ပြေးနေကြရသူ လူထုများ၏ စားနပ်ရိက္ခာ လုံခြုံမှုအတွက် ယခု အစီရင်ခံစာရေးသား သည့်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ COVID 19 ကူးစက်ကပ်ဘေး အကျပ်အတည်း ရှိနေသော်လည်း ဆက်လက် ထိန်းသိမ်းထား နိုင်သည်။ စခန်းများသို့ သွားရောက်ထိတွေ့ရန် အကန့်အသတ် ရှိသောကြောင့် စားနပ်ရိက္ခာ လုံခြုံ မှုကို ဦးစားပေး ထိန်းသိမ်းဆောင်ရွက် နေဆဲ၌၊ ကူးစက်မှုကိုလည်း အနည်းဆုံးဖြစ်စေရန် သေချာ ဆောင်ရွက်ခဲ့သည်။ ဤသို့ ဆောင်ရွက်နိုင်ခြင်းမှာ ဒုက္ခသည်များထံသို့ အရေးကြီးသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ဖြန့်ဖြူးရာ၌နှင့် ထောက်ပံ့ရေး ကွင်းဆက်တခုလုံး၌ လူချင်းထိတွေ့မှု မရှိစေဘဲ၊ ရောဂါကူးစက်မှု ကာကွယ်ရေး နှင့် ထိန်းချုပ်ရေး နည်းနာများ အသုံးပြုသော ကြောင့် ဖြစ်သည်။ ဝန်ထမ်းများက မိမိတို့၏ မိတ်ဖက်အဖွဲ့ အစည်းများနှင့်အတူ လုပ်ကိုင်၍ စခန်းများအတွင်းရှိ အထူးထိခိုက် နစ်နာလွယ်သော လူထုများအနေဖြင့် အတတ်နိုင်ဆုံး ဘေးကင်းလုံခြုံစေရန် ဆောင်ရွက်ပေးခဲ့သည်။

စားနပ်ရိက္ခာကဒ် (FCS) ဖြင့် ဈေးရောင်းချသူများ၊ သိုလှောင်ရုံ ဝန်ထမ်းများနှင့် FCSWG အဖွဲ့ဝင်များကို COVID-19 ကူးစက်ရောဂါအတွက် အကောင်း ဆုံးလိုက်နာ ကျင့်သုံးမှုဆိုင်ရာ သင်တန်းများ ပို့ချလိုက်နာစေပြီး၊ သက်ဆိုင်ရာ တကိုယ်ရေ လုံခြုံမှုဝတ်စုံများ (PPE) ထောက်ပံ့ပေးခဲ့သည်။

ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန (MoI) က စခန်းအဝင်ဝများတွင် အပူချိန် တိုင်းတာခြင်းနှင့် လက်ဆေးရန်နေရာများ အပါ အဝင် စစ်ဆေးရေးလုပ်ငန်းများ ထားရှိသည်။ စခန်းများသို့ အဝင်အထွက် ကန့်သတ်ထားသော်လည်း TBC အဖွဲ့က ထောက်ပံ့ ရေး ပစ္စည်းများ ဆက်လက်ပေးပို့နိုင်ခဲ့သည်။ သို့အတွက်ကြောင့် ယခုအစီရင်ခံစာ ရေးသားသည့်ကာလအထိ စားနပ်ရိက္ခာ ဈေးဆိုင်များက ပစ္စည်းများ ကောင်းစွာ တင်ထား ရောင်းချနိုင်ခဲ့သည်။ TBC အဖွဲ့က အဓိက အရေးပါသည့် ပစ္စည်းများကို စခန်းများအတွင်း ၃-လမှ ၆-လစာတိုင် သိုလှောင်ထားပြီး လက်ကားရောင်းချသူများ၊ ဈေးသည်များနှင့် ပူးပေါင်းဆောင်ရွက် ခဲ့သည်။ သိုလှောင်ရုံ နေရာလွတ်များကိုလည်း ကောင်းစွာ အသုံးချခဲ့သည်။ဤသို့မိမိတို့ကတိုက်ရိုက်ကြိုးပမ်းဆောင်ရွက် ချက်များကြောင့်စားနပ်ရိက္ခာနှင့်ပတ်သက်၍ကြောက်ရွံ့မှုများကိုလျှော့ချနိုင်ပြီး၊ ဒုက္ခသည်များ၏ စားနပ်ရိက္ခာ ဖူလုံရေးကို ဈေးကွက် မတည်ငြိမ်မှုများနှင့် ပို့ဆောင်ထောက်ပံ့ရေးဆိုင်ရာ စိန်ခေါ်မှု ပြဿနာများ ရှိနေသော်လည်း ကောင်းစွာ ကာကွယ် ပေးနိုင်သည်။

COVID-19 ကူးစက်ကပ်ဘေးကြောင့် ဖြစ်လာသည့် စိန်ခေါ်မှု ပြဿနာများကို အရေးပေါ် နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရုံ အပြင်၊ TBC အဖွဲ့က ရေရှည် အာဟာရရရှိရေးဆိုင်ရာ စီမံကိန်း အချို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ TBC အဖွဲ့၏ "ကျန်းမာ သော ကလေးငယ်များ၊ တောက်ပသော အနာဂတ်များ" (Healthy Babies, Bright Futures" စီမံကိန်းနှင့် မွေးကင်းစ နှင့် ကလေးငယ်များ ကျွေးမွေးရေး အစီအစဉ် (IYCF) တို့သည် ယခုနှစ်အတွင်း ဆက်လက် ဆောင်ရွက်နိုင်သည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ ဤကြိုးပမ်းဆောင်ရွက်ချက်များဖြင့် TBC အဖွဲ့က ကိုယ်ဝန်ဆောင် မိခင်များ၊ နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ အိမ်တွင် ကလေးငယ်များကို အစာကျွေးမွေးရေး၌ သြဇာရှိကြသည့် ဆက်စပ်မိသားစုဝင်များ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အသက် ၆-လတိုင် မိခင်နို့သက်သက်ကိုသာ တိုက်ကျွေးစေခြင်းကို အလေးထား လုပ်ဆောင်ပြီး၊ ကလေး ၂၄ လတိုင် ဆက်၍ မိခင်နို့ တိုက်ကျွေးစေသည်။ အသက် ၆ လမှ ၂၄ လအကြားတွင် ကလေးငယ်ကို အပိုဆောင်း ဖြည့်စွက်ကျွေးမွေးစေပြီး၊ မိခင် များအတွက်လည်း အာဟာရ ကောင်းစွာ ရရှိစေသည်။

ယင်းအစီအစဉ်တွင် အားဖြည့် ကလေးဖြည့်စွက်စာ ဘေဘီဘရိုက် (BabyBRIGHT) ကို စခန်း ၉-ခုတွင် ဖြန့်ဖြူးခြင်းဖြင့် လူအများ ပါဝင်လာစေ၍ ပုည့်က်ခြင်း (ရေရှည် အာဟာရချို့တဲ့မှု) ကို ဖြေရှင်းနိုင်ခဲ့သည်။ ခန့်မှန်းကလေး ၂,၀၀၀ ဦး IYCF "ကျန်းမာသော ကလေးများ- ကျန်းမာသော အနာဂတ်များ" အစီအစဉ်တွင် လစဉ်ပါဝင်လာကြသည်။

၂၀၁၉ ခုနှစ်အတွင်း တနှစ်လျှင် နှစ်ကြိမ်ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှု ရလဒ်ကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။ ကလေးများ၏ ကျေနပ်ဖွယ်ရှိသော အာဟာရ ရရှိမှု အခြေအနေကို ဖော်ပြအတည်ပြုနိုင် သည်။ FCS ၏ အပြုသဘော ကောင်းကျိုး၊ TBC စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ အစီအစဉ်၏ ထိရောက်သည့် အကောင်အထည်ဖော်မှုများကိုလည်း ဖော်ပြနိုင်ခဲ့သည်။ စစ်တမ်းကို ဒုက္ခသည်စခန်း ၉ ခုလုံးတွင် ၂၀၁၉ ခုနှစ် မေလမှ နိုဝင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပြီး၊ အသက် ၆-လမှ ၅၉ လရှိ ကလေး ၃,၇၈၀ ဦး ပါဝင်ခဲ့သည်။ ပိန်လှီခြင်းမှာ အလွန်နည်း ပြီး၊ အရပ်ပုည့်က်ခြင်းမှာလည်း သိသာစွာ ဆက်၍ လျှော့နည်းကျဆင်းလာသည်။

တနှစ်လုံးတွင် သက်မွေးဝမ်းကျောင်း အစီအစဉ်များ သင်တန်းများနှင့်အတူ ဆက်လက်ရှိနေသည်။ ယင်းသင်တန်းများတွင် ရပ်ရွာဥယျာဉ် စိုက်ခင်းများ ကဲ့သို့သော အသုံးချနိုင်သည့်လုပ်ငန်းများ ပါဝင်သည်။ အထူးသဖြင့် COVID-19 ကာလတွင် ပို၍ အရေးကြီးလာပြီး အောင်မြင်မှု ရရှိလာသည်။

# မြန်မာနိုင်ငံ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်း တိုးတက်လာစေရေး နှင့် အာဟာရ တိုးမြှင့်ရရှိ စေရေး ကြားဝင်ဆောင်ရွက်ပေးမှုများကြောင့် လူပေါင်း ၄၀,၀၀၀ ကျော်ကို အကျိုးရှိစေခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများက တောင်ပေါ်ဒေသ စိုက်ပျိုးခြင်း ထုတ်လုပ်နိုင်စွမ်း တိုးတက်စေရန်အတွက်၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများမှ ရရှိသည့် ကျွမ်းကျင်မှုများကို အသုံးချခဲ့ကြသည်။ စိုက်ဧရိယာ တိုးချဲ့ခြင်းနှင့် ရေသွင်းတူးမြောင်းများ ပြင်ဆင်ခြင်း ပြု၍ မော်တော်ဆိုင်ကယ်သွားလမ်းများ တိုးတက်စေခြင်း အားဖြင့် ဈေးကွက်များဆီ ထိတွေ့နိုင်ခဲ့သည်။ ဝေးလံသော ကျေးရွာများအတွက် ရေအားလျှပ်စစ် တာဘိုင်ငယ် ၂-ခုကို တည်ဆောက်နိုင်ခဲ့ပြီး၊ အိမ်ထောင်စု ၆၁ စုသို့ မီးပေးနိုင်သည်။ သို့ မဟုတ်ပါက ထိုသူများ လျှပ်စစ်ရရှိနိုင်ကြမည် မဟုတ်ချေ။

ဆန်စက် ၄ ခုကို ရင်းနှီးမြှုပ်နှံပေးခဲ့ရာ ကျေးရွာလူထုများအဖို့ ဆန်ကြိတ်ခဲ့ရာတွင် ပို၍ လျှင်မြန်စွာ ဆောင်ရွက်နိုင်ပြီး၊ အခြား သော သက်မွေးဝမ်းကျောင်းလုပ်ငန်းများ အချိန်ပေးနိုင်သည်။ ဆန်စက်များကို ဆန်/စပါး ဘဏ်ကော်မီတီက စီမံခန့်ခွဲကြရာ ကွန်ရက်တည်ဆောက်ခြင်းနှင့် ရပ်ရွာအင်အားကောင်းစေရေးအတွက်လည်း အရေးကြီးပါသည်။ လယ်သမားအုပ်စုများကို လည်း ကျေးရွာ အုပ်စုများစွာတွင် ပံ့ပိုးပေး၍ ခွန်အားကောင်းစေသည်။ ရပ်ရွာများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း မြန်ဆန်စေ ရန် ထွန်စက်များကို ပို၍ ဝယ်ယူနိုင်စေသည်။

TBC အဖွဲ့က ကရင်စိုက်ပျိုးရေးဌာနကို ဆက်လက်၍ ပဋိပက္ခစစ်ပွဲများ ဖြစ်ပွားရာနယ်မြေများတွင် အိမ်ထောင်စု ၁၀,၀၀၀ တို့၏ မြေသတ်မှတ်ရေးနှင့် မြေပိုင်ခွင့် ထုတ်ပေးရေး လုပ်ငန်းများအတွက် ပံ့ပိုးနေသည်။ ဤသို့ဖြင့် လယ်သမားများအတွက် ရေရှည် သက်မွေးဝမ်းကျောင်းဆိုင်ရာ လုံခြုံမှုပေးနိုင်ပြီး၊ မြေပိုင်ဆိုင်မှု ပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်သည်။

မိတ်ဖက်အဖွဲ့အစည်းများက သင်တန်းအချို့ပေးခဲ့သည်။ ယင်းသင်တန်းများတွင် အာဟာရ ရရှိရေးအပေါ် အကဲသိသည့် စိုက်ပျိုးရေး သင်တန်းများ၊ အပုပ်ခံ၍ မြေဩဇာလုပ်ခြင်း၊ သဘာဝအလျောက် ပိုးမွှား ထိန်းသိမ်းခြင်း၊ အပင်များ ပြုစုခြင်း၊ အသီး တင်ကျန်အောင် ထိန်းသိမ်းခြင်း နှင့် ရေသွင်းစနစ်များ ပါဝင်သည်။ ဤသင်တန်းများတွင် ဒေသခံတို့၏ မိရိုးဖလာ ဗဟုသုတ၊ ကျင့်သုံးပုံများကို ထိန်းသိမ်းရေးကို အလေးပေးပြီး၊ ဥပမာအားဖြင့် ရောနှော စိုက်ပျိုးခြင်း၊ မိရိုးဖလာ မျိုးစေ့အမျိုးစုံကို စိုက်ပျိုးစေခြင်း တို့ ပါဝင်သည်။ မြေဆွဲအားဖြင့် ရေစီးဆင်းစေသည့် စနစ် ၁၆ မျိုးကို ညွှန်ကြားပြသပေးပြီး၊ ရပ်ရွာလူထုများ အတွက် ရေထောက်ပံ့မှုကို အိမ်သုံးနှင့် စိုက်ပျိုးရေးအသုံးအတွက် တိုးတက်ရရှိစေသည်။

ကျန်းမာရေး လုပ်သားများအတွင်း အာဟာရ ရရှိမှုဆိုင်ရာ အသိအမြင်ကို မြှင့်တင်ပေးနိုင်ပြီး၊ အာဟာရ ရှိစေသည့် ကျွေးမွေး မှုအစီအစဉ် (IYCF) ကြောင့် ပို၍ ကျယ်ပြန့်စွာ ရောက်ရှိစေသည်။ ပစ်မှတ်ထားသည့် ရပ်ရွာလူထုများ၏ ကျန်းမာရေးသည် လည်း တကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ သန့်ရှင်းရေးသင်တန်းများဖြင့် ကောင်းမွန် မြင့်မားလာစေသည်။ ထို့ အပြင် အိမ်သာ ၈၈၈ လုံးကို တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိစစ်ပွဲ ပဋိပက္ခများ ဖြစ်ပွားနေသော ဒေသများနှင့် အိုးအိမ်စွန့် ထွက်ပြေးနေရသော လူထု များအကြားတွင် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်း၊ အာဟာရရရှိမှု နှင့် လူမှုရေးဆိုင်ရာ ကာကွယ်ပေးမှုအတွက် အခြေခံ စမှတ် စစ်တမ်းကောက်ယူမှုတခုကို ဇန်နဝါရီလတွင် ဆောင်ရွက်ခဲ့သည်။ တွေ့ရှိချက်များအရ ရေရှည်ဖြစ်ပွားနေခဲ့သည့် စစ်ပွဲ များကြောင့် နာတာရှည် အထူးထိခိုက်နစ်နာနိုင်သည့် အခြေအနေကို သိသာ တွေ့ရှိရသည်။ COVID-19 ကူးစက်မှုဘေး နှင့် နောက်ပိုင်း ကန့်သတ်တင်းကြပ်မှုများကြောင့် ရုတ်ချည်း အပြောင်းအလဲများ ကြုံရသော်လည်း၊ စားနပ်ရိက္ခာ လုံခြုံမှုဘေး မှ လျှော့ချနိုင်စေရေးအတွက် သိသာထင်ရှားသည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

## သင်ခန်းစာ ရရှိသည့် အချက်များ

- တနစ်လျှင် နှစ်ကြိမ်ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုများသည် အရေးပါသည့် သတင်း အချက်အလက် ဒေတာများ ဖော်ပြပေးနိုင်ပြီး၊ အစီအစဉ်များ၏ လမ်းကြောင်းကို ပြန်၍တည့်မတ် ဦးစားပေးနိုင်သည်။ သို့သော် ရလဒ်များကို စခန်းများသို့ ပြန်၍ ဆက်သွယ်ဖော်ပြရာ၌ အနည်းဆုံး စစ်တမ်းကောက် ယူပြီးနောက် ၆-လ ခန့် ကြာမြင့်သည်။ ရလဒ်များကို အရေးပါသည့်အင်အားစုများ/ ရပ်ရွာလူထုများထံသို့ ပို၍ အချိန်နှင့်လျော်ညီစွာ ပြန်မျှဝေ ပေးပို့နိုင်ရေးအတွက် နောက်ထပ် စစ်တမ်းကောက်ယူမှုများကို ဒစ်ဂျစ်တယ် နည်းစနစ်ဖြင့် ဆောင်ရွက်၍ လက်ကိုင် အဲန်းဒရွိုက်ပစ္စည်းများ (handheld Android devices) ဖြင့် စီမံစေနိုင် သည်။

- COVID-19 ကူးစက်မှုကြောင့် ကန့်သတ်ထားသည့် ဝန်းကျင်အခြေအနေတွင်၊ တီထွင်ဖန်တီးမှုရှိသည့် အာဟာရ ဆိုင်ရာ ပညာပေးသတင်းစကားများဖြင့် ဒုက္ခသည် ရပ်ရွာလူထုများထံ ကျယ်ပြန့်စွာ ရောက်ရှိစေနိုင်ခဲ့သည်။ ဒေသ ခံ တီးဝိုင်းများက ဒေသခံ ဘာသာစကားဖြင့် သတင်းစကားကို ရေးသား၍၊ တေးဂီတ ဗီဒီယိုများ ထုတ်လုပ်နိုင်ခဲ့ သည်။ IYCF က အကြံပြုထားသည့် ကျင့်သုံးလိုက်နာစေမှုများကို ဖော်ပြအကြံပြုနိုင်သည်။ အလားတူပင် ဝန်ထမ်း များက အာဟာရဆိုင်ရာ ဗီဒီယိုများ ရိုက်ကူးထုတ်လုပ်၍ Facebook နှင့် TBC အဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် တင်ပို့ ဖော်ပြနိုင်သည်။ စခန်းများအတွင်း မျှဝေနိုင်သည်။

- ဒုက္ခသည်စခန်းများသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးရာ အဆင့်တိုင်း၌၊ အဓိကကျသည့် COVID-19 ကာကွယ်ပေးမှုဆိုင်ရာ သတင်းစကားများ၊ လှုပ်ရှားမှုများကို ပေါင်းစည်းပါဝင်စေခြင်းဖြင့် မိတ်ဖက် အင် အားစုများနှင့် ရပ်ရွာလူထုများအတွက် ဘေးကင်းလုံခြုံသော ကျင့်သုံးလုပ်ဆောင်မှုများကို ထိရောက်စွာ အားဖြည့် ပေးနိုင်သည်။

- လယ်သမားသမဝါယအဖွဲ့အစည်းများကစီးပွားဖြစ်စိုက်ပျိုးရေးစက်ကရိယာများငှားရမ်းရာတွင်စီမံခန့်ခွဲမှုနှင့်ထိန်းသိမ်းမှုအပေါ် ကျသင့်မှုများအတွက် ငှားရမ်းခ ကောက်ယူခြင်းကို ပို၍ လက်ခံမှု များပြားလာသည်။ သို့ဖြစ်ရာ ဤသို့ အရေးကြီးသည့် စက်များကို ပို၍ကောင်းမွန်သည့် အခြေအနေဖြင့် ထိန်းသိမ်းလည်ပတ်စေရန် အရေးကြီး သည်။

- ရေသွင်းမြောင်းများနှင့် အသေးစား ရေလှောင်ဆည်များကို အင်ဂျင်နီယာများနှင့် တိုင်ပင်အကြံရယူမှုများ၊ အရင်း အနှီးများ ရရှိနိုင်ခြင်းတို့ကြောင့် ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ တိုးတက်လာစေသည်။

# မဟာဗျူဟာ လမ်းညွှန်ချက် ၃

## ဂုဏ်သိက္ခာရှိသည့် အနာဂတ်များ

ကာကွယ်ပေးမှုရှိသော ပတ်ဝန်းကျင် မြှင့်တင် ဖန်တီးပေးရေး နှင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် ပဋိပက္ခ စစ်ပွဲများ ကြောင့် နစ်နာထိခိုက်ရသူများအတွက် လုံခြုံဘေးကင်းသည့်၊ ဂုဏ်သိက္ခာရှိသည့် အနာဂတ်များ မြှင့်တင်ဖန်တီးပေးရေး။

## အရေးပါသည့် အချက်များ

### ထိုင်းနိုင်ငံ

- အိမ်ပြန်၍ လည်ပတ်ကြည့်ရှုသည့် ခရီးစဉ် (Go-and-See visits) ၄ ကြိမ် စီစဉ်နိုင်ပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ဒေသသို့ ဒုက္ခသည်များ ခရီးထွက်၍ အိမ်ပြန်အခြေချရန် ဖြစ်နိုင်သော နေရာများကို မျက်မြင် ကြည့်ရှုလေ့လာနိုင်ခဲ့သည်။
- COVID-19 ကူးစက်မှုကြောင့် နယ်စပ်များ ပိတ်ထားသော်လည်း အိမ်ပြန်ရေး ပြင်ဆင်မှုလုပ်ငန်းများမှာ ဆက်လက် ဖြစ်ပေါ်နေသည်။ စခန်းအချို့၏ အိမ်ပြန်ရေး အဆိုပြုချက်များကို စုစည်း၍ အချောသတ် နိဂုံးချုပ်ရေးဆွဲနိုင်ခဲ့သည်။

### မြန်မာနိုင်ငံ

- မြန်မာနိုင်ငံ အရှေ့တောင်ဒေသ တစ်ဝန်းတွက် မျိုးစေ့ နှင့် စပါး/ဆန် ဘဏ် အများအပြားကို မိမိတို့၏ မိတ်ဖက်အဖွဲ့ အစည်းများ ဖြစ်ကြသည့် KORD, KAD, KNWO, MWO & KESAN တို့နှင့်အတူ တည်ထောင်နိုင်ခဲ့သည်။
- KHRG အဖွဲ့က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကရင်ရပ်ရွာ အသိုက်အဝန်းများ၏ စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာ ၄၀ ကျော် ထုတ်ပြန်နိုင်ခဲ့သည်။
- HURFOM အဖွဲ့က ဖြစ်ရပ်များ စုပေါင်း၍ မွန်ပြည်တွင်းဒုက္ခသည် IDPs များ ကြုံတွေ့နေရသည့် စားနပ်ရိက္ခာ လုံခြုံမှု ပြဿနာများနှင့် ပတ်သက်၍ အစီရင်ခံစာ တစောင်ပြုစုနိုင်ပြီး၊ ဗီဒီယို မှတ်တမ်းတခု ထုတ်ဝေနိုင်ခဲ့သည်။ Covid-19 ရောဂါ ထိန်းချုပ်မှုများနှင့် ပတ်သက်၍ ကြုံတွေ့ခံစားနေရသော စိန်ခေါ်မှု ပြဿနာများ ဖြစ်သည်။
- တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းများကိုလည်း လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု များ ချုပ်ငြိမ်းစေရေးအတွက် ကမ်ပိန်းလှုပ်ရှားမှုများ တိုးချဲ့ ဆောင်ရွက်ရန် ထောက်ပံ့ပေးခဲ့သည်။

## ထိုင်းနိုင်ငံ

COVID-19 ကူးစက်ကပ်ဘေး စတင်သည့်အချိန်တွင်၊ ပဋ္ဌမအကြိမ် မိမိဆန္ဒအလျောက် အိမ်ပြန်ခြင်းအတွက် ပံ့ပိုးသည့်အစီ အစဉ်အသုတ်ကို ဖေဖော်ဝါရီလကုန်တွင် စီစဉ်ထားပြီး ဖြစ်သော်လည်း၊ အချိန်အကန့်အသတ်မရှိ ဆိုင်းငံ့ခဲ့ရသည်။ ၂၀၂၀ ခုနှစ်အတွက် ကနဦး အစီအစဉ်တွင် ယခုနှစ်အတွင်း လူဦးရေ ၇% လျော့ကျသွားမည်ဟု ယူဆထားခဲ့သည်။ သို့သော်လည်း ၂၀၂၀ ခုနှစ် ပထမ ၆ လတွင် အသစ်မွေးဖွားသည့် ကလေးများနှင့် လုပ်ငန်းခွင်များမှ စခန်းသို့ ပြန်ဝင်လာကြသူများကြောင့် ပို၍ပင် တိုးလာခဲ့သည်။ ၂၀၂၀ ခုနှစ် အကုန်တွင်၊ စခန်းများ လူဦးရေမှာ နောက်ဆုံး လျော့နည်းသွားခဲ့ပြီး ၂% လျော့နည်း ကျဆင်းသွားသည်။ မူလက ခန့်မှန်းတွက်ချက်ထားသည် ထက် နိမ့်ပါသည်။ လုံခြုံဘေးကင်းသည့်၊ သတင်းများကောင်းစွာ သိရှိ ဆုံးဖြတ်သော အိမ်ပြန်ခြင်းအတွက် ပြင်ဆင်မှုများ ယခုနှစ် ပထမ ၆ လ ပိုင်းတွင် ဆက်လက်၍ ဖြစ်ပေါ်နေခဲ့ပါသည်။ ကူးစက်ကပ်ဘေး မဖြစ်ပွားမီတွင် အိမ်ပြန်၍ လေ့လာကြည့်ရှုသည့် ခရီးစဉ် (GSV) ၄ ခုကို ၂၀၂၀ ခုနှစ် အစောပိုင်းတွင် ဆောင်ရွက်နိုင်ခဲ့သည်။ ဤခရီးစဉ်များတွင် အောက်ပါ အဓိကကျသည့် အချက်များကို ဦးစားပေး လေ့လာခဲ့သည်။ သက် မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် မြေများ ရရှိနိုင်မှု နှင့် ရေရှည်တည်တံ့နိုင်မှု၊ တနှစ်ပတ်လုံး သောက်သုံးရေ နှင့် တိရိစ္ဆာန်မွေးမြူရေး အပါအဝင်အတွက် စိုက်ပျိုးရေးရရှိနိုင်မှု နှင့် လူများ လက်လှမ်းမီမှု၊ စိုက်ပျိုးရေး ထုတ်လုပ်နိုင်မှု အတွက် မြေဆီရှိမှု၊ တနှစ်ပတ်လုံး

လက်လုပ်မီမှု နှင့် လမ်းများ၏ အခြေအနေ၊ အိမ်ရှင်လက်ခံမည့် လူမှုအသိုက်အဝန်းများနှင့် ဒေသခံ အာဏာပိုင်များ၏ ပူးပေါင်းကူညီမှုတို့ အပါအဝင်ဖြစ်သည်။ သို့သော်လည်း COVID-19 ကူးစက်ကပ်ဘေးကြောင့် ထိုင်း-မြန်မာ နယ်စပ် ဖြတ်ကျော်မှုကို အိမ်သို့ပြန်လာကြသည့် နိုင်ငံသားများကိုသာ ခွင့်ပြုတော့သည်။ သို့အတွက်ကြောင့် GSV ခရီးစဉ်များ အလားတူ အစီအစဉ်ရေးဆွဲရေး နှင့် တိုင်ပင်အကြံရယူမှု အစည်းအဝေးများ အချိန်အကန့်အသတ်မရှိ ဆိုင်းငံ့ထားရသည်။ ဤလုပ်ငန်းစဉ်များကို နယ်စပ်များပြန်၍ပွင့်သည့်အခါ၊ ကန့်သတ်ထားမှုများ ရုပ်သိမ်းလိုက်သည့်အခါ ပြန်လည်စတင်နိုင်မည်ဟု ယူဆသည်။

မှတ်ချက်ပြုရန် အရေးကြီးသည့်အချက်မှာ အိမ်ပြန်၍ လေ့လာသည့် ခရီးစဉ်များ (GSV) ဆိုင်းငံ့ထားသော်လည်း၊ အခြားသော အိမ်ပြန်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများအားလုံး ရပ်ဆိုင်းနေသည် မဟုတ်ပါ။ အိမ်ပြန်ရေးအတွက် ပြင်ဆင်မှု ဆက်လက် ရှိနေပြီး စခန်းများအတွင်း စီစဉ်မှု နှင့် စခန်းများအတွင်း အိမ်ပြန်ရေးအဆိုပြုချက်များ အချောသတ် စုပေါင်း စိစစ်ရေးဆွဲနေပါ သည်။ ဆိုလိုသည်မှာ စခန်းများနှင့် အချို့သော ဒုက္ခသည်များ ခရီးသွားလာခွင့် ကန့်သတ်မှုများ ရုပ်သိမ်းသည့်အခါ အိမ်ပြန် ရန် အဆင်သင့်ဖြစ်နေကြပြီ ဖြစ်ပါသည်။

# မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမှုအသိုက်အဝန်းများအကြား၌ လူမှုရေး ကာကွယ်မှုပေးရေး လုပ်ငန်းစဉ်များကို တုံ့ပြန် ဆောင်ရွက်ရာ၌ မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားကြောင်း ပြသနိုင်ခဲ့ပါသည်။ COVID-19 ကူးစက်မှု ကာလ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေများကို လွှဲပြောင်းအသုံးပြုခြင်း၊ လုပ်ငန်း အစီအစဉ်များကို ပြန်လည် ရေးဆွဲခြင်းအားဖြင့် ပြသနိုင်ခဲ့သည်။ သို့သော်လည်း ဤသို့အရေးပေါ် တုံ့ပြန်မှုများ ဆောင်ရွက်ရာ၌ လုပ်ငန်း အတိုင်းအဆ၊ ကုန်ကျစရိတ် များကို မူလက ရည်ရွယ်မျှော်မှန်းထားသည့် လူမှု ကာကွယ်ပေးရေး လုပ်ငန်းစဉ်အတွက် ကျသင့် သည်များကို ပစ်ပယ်အသုံးပြုခဲ့ခြင်း မဟုတ်ပါ။ ထိုမျှမက မျိုးစေ့နှင့် စပါး/ဆန်ဘဏ်များ တည်ထောင်နိုင်ရန် လုံ့လဆော်စည်းရုံး နိုင်ခဲ့သည်။ ကလေးများ စောစီးစွာ ဖွံ့ဖြိုးရေး ထောက်ပံ့မှုများကို ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ ကာကွယ်ပေးမှုဆိုင်ရာ စောင့်ကြည့်လေ့လာမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ပြီး၊ လိင်မှုဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အကြမ်းဖက်မှုများကို လည်း တုံ့ပြန်ဆောင်ရွက်ရာ၌ နည်းမျိုးစုံဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ တလွှား၌ မျိုးစေ့ နှင့် ဆန်/စပါးဘဏ်များကို မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသည့် KORD, KAD, KnWO, MWO & KESAN တို့က တည်ထောင်နိုင်ခဲ့ကြသည်။ စပါးဘဏ်များသည် လူမှု ကာကွယ်မှုပေးရေး အတွက် အဓိကကျသည့် ရင်းမြစ်များဖြစ်ကြပြီး၊ ရေရှားပါးခြင်း၊ ပိုးမွှားများ ဖျက်ဆီးခြင်း၊ သို့မဟုတ် လူဖန်တီးမှုများကြောင့် ဖြစ်သည့် စားနပ်ရိက္ခာ ရှားပါးမှု ကပ်ဘေးဒုက္ခများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ စပါးဘဏ် ကော်မီတီများကို ဖွဲ့ စည်း၍ လုပ်ငန်းလည်ပတ်မှုကို ကြီးကြပ်သည်။ ဤကော်မီတီများသည် ရပ်ရွာအတွင်းရှိ အကျယ်အပြန့်သော လူမှုစီးပွား ပြဿနာများကို ဖြေရှင်းရာ၌ အရေးပါကြသည်။ ယခုအချိန်တွင် စပါးဘဏ်များသည် ရေရှည်ထိန်းသိမ်းထားနိုင်ရန် နှင့် ပြန်၍လှည့်လည် စိုက်ပျိုးမှုများအတွက် မျိုးစေ့များ သိုလှောင်ထားနိုင်ရန် အဖွဲ့ဝင်များကို အထောက်အကူ ပြုပေးနေသည်။ စပါးဘဏ်များက မျိုးရိုးဗီဇအရ စုံလင်ထွေပြားမှု နှင့် ရပ်ရွာတခုအတွင်း သီးနှံမျိုးစုံ ရရှိနိုင်ရေး နှင့် ဒေသခံ ဌာနေမျိုးရင်းများ စိုက်ပျိုးနိုင်ရေးအတွက် စောင့်ရှောက်ထိန်းသိမ်းထားနိုင်ရေးအတွက် ကူညီပေးပါသည်။ ဤနည်းအားဖြင့် လက်ရှိဖြစ်ပေါ်နေ သည့် အပင်ရောဂါများ၊ ပိုးမွှားကျရောက်ခြင်းများ နှင့် မမျှော်မှန်းနိုင်သည့် ပြဿနာများ ကြုံရသည့်အခါ ခုခံနိုင်စွမ်းကို တိုး မြှင့်စေပါသည်။

ယခုကာလအတွင်း ကာကွယ်ပေးမှုဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည်။ KHRG အဖွဲ့က လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ကရင်လူမှု အသိုက်အဝန်းများ၏ စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာ ၄၃ စောင် ထုတ်ပြန်ခဲ့သည်။[5] ယင်း ၂၀၂၀ ခုနှစ် ထုတ်ပြန်မှုများတွင် နောက်ဆုံးအခြေအနေများ၊ ဖြစ်ရပ် အစီရင်ခံချက်များ၊ ကွင်းဆင်း အစီရင်ခံစာများ၊ သတင်းလွှာများ ပါဝင်သည်။ ဤသို့ လူအများသို့ ထုတ်ပြန်သည့် အစီရင်ခံစာများတွင် ကာကွယ်မှုပေးရေး နှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်ချက်များကို ဖြေရှင်းနိုင်ရန် ဖော်ပြထားပြီး၊ ယင်းတို့တွင် စစ်တပ်အင်အားတိုးချဲ့ ချထားလာ ခြင်း၊ အရပ်သားများကို လက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ မြေမြှုပ်မိုင်းများ၊ အဓမ္မ အခွန်ကောက်ခံမှုများ၊ မြေသိမ်းမှု၊ လယ်ယာများကို ပစ်မှတ်ထား၍ မီးရှို့ဖျက်ဆီးမှု၊ အဓမ္မ လုပ်အား ခိုင်းစေမှု၊ ယဉ်ကျေးမှုဆိုင်ရာ အထိမ်းအမှတ်များကို ဖျက်ဆီးခြင်း၊ သက်မွေးဝမ်းကျောင်း နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် ကန့်သတ်တားမြစ်ခြင်း တို့ ပါဝင်သည်။ ထို့အပြင် KHRG က မြန်မာနိုင်ငံသို့ အိမ်ပြန်သွား၍ အခြေချကြသည့် ဒုက္ခ သည်များနှင့် ပြည်တွင်းဒုက္ခသည် IDPs များနှင့် ပတ်သက်၍ အစီရင်ခံစာရှည်တစောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။ ထိုသူများ အဓိက ကြုံတွေ့ရသည့် ပြဿနာများကို အလေးပေးဖော်ပြထားရာ၌ နိုင်ငံသားလက်မှတ် ရရှိရေးခက်ခဲမှု၊ ကိုယ်ခန္ဓာ ဆိုင်ရာ ဘေးကင်း လုံခြုံရေး၊ ဥပဒေကြောင်းအရ လုံခြုံရေး၊ ပြန်လည်ပေါင်းစည်းရေးအတွက် အခက်အခဲများနှင့် သက်မွေးဝမ်း ကျောင်းကိစ္စ ရေရှည်မတည်တံ့နိုင်ခြင်းများ ပါဝင်သည်။[6] ထို့အပြင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တိုင်းရင်းသား လူနည်းစုများကို ခွဲခြားဆက်ဆံဖိနှိပ်ခြင်းကြောင့် ပို၍ဒုက္ခဖြစ်ရပုံကို ဖြည့်စွက် ဖော်ပြထားသည်။[7] ဖြေရှင်းရမည့် ခေါင်းစဉ် များမှာ နိုင်ငံသားဖြစ်မှု၊ ဗမာမှုပြုခြင်း နှင့် တိုင်းရင်းသားလူနည်းစုများကို အသိအမှတ်ပြုရေး ကိစ္စများ ဖြစ်သည်။

5 ဤအစီရင်ခံစာများကို www.khrg.org တွင် ရယူနိုင်သည်။

6 https://khrg.org/2020/09/stepping-uncertainty-refugee-and-idp-experiences-return-southeast-myanmar

7 https://khrg.org/2020/11/minorities-under-threat-diversity-danger-patterns-systemic-discrimination-southeast-myanmar

HURFOM ၏ COVID-19 ကူးစက်ကပ်ဘေးကာလတွင် မွန်ပြည်တွင်းဒုက္ခသည် IDPs များ ကြုံတွေ့ရသည့် စားနပ်ရိက္ခာ လုံခြုံ မှု ခြိမ်းခြောက်ခံရခြင်း အစီရင်ခံစာနှင့် ဗီဒီယိုမှတ်တမ်းတခု ပြုလုပ်နိုင်ခဲ့သည်။ ယင်းကို မွန်ပြည်သစ်ပါတီ အပစ်ရပ်စဲရေး သဘောတူညီချက် ရယူခြင်း ၂၅ နှစ်မြောက်ကာလ လူ့အခွင့်အရေး အခြေအနေများအပေါ် သုံးသပ်ချက်နှင့်အတူ ထွက်ပေါ် လာခြင်း ဖြစ်သည်။[8] ထို့အပြင် မွန်ရပ်ရွာ အသိုက်အဝန်းများ၏ နေ့စဉ်သတင်းများကိုလည်း စုစည်းတင်ပြနိုင်ခဲ့သည်။[9]

KHRG အဖွဲ့ကလည်း ဒေသခံ ကျေးရွာလူထုများ ဗဟုသုတ၊ စွမ်းရည် နှင့် မိမိဘာသာ ကာကွယ်နိုင်မှု အားကောင်းလာစေရန် ဆွေးနွေးပွဲ သင်တန်း ၈ ခု ဆောင်ရွက်နိုင်ခဲ့သည်။ ကျေးရွာလူထုများအဖို့ သူတို့၏ လူ့အခွင့်အရေးအတွက် တောင်းဆို ကာကွယ် နိုင်ရန် ဖြစ်သည်။ လူ ၂၁၉ ဦးကို သူတို့၏ လူ့အခွင့်အရေးများ၊ တာဝန်များ နှင့် တိုင်ကြားမှုဆိုင်ရာ စနစ်များကို သိ မြင်လာစေရန် နှင့် မိမိဘာသာ ကာကွယ်ခြင်း မဟာဗျူဟာများကို သိစေနိုင်ခဲ့သည်။ KnHRG ကလည်း လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများ သိမြင် မြှင့်တင်ပေးနိုင်ရေး ဆွေးနွေးပွဲသင်တန်း ၄ ခု ဆောင်ရွက်ခဲ့ပြီး၊ လူပေါင်း ၁၄၁ ဦး တက်ရောက်ခဲ့သည်။ ယင်း တို့၏ လူ့အခွင့်အရေး သဘောတရား သိမြင်မှု၊ တိုင်ကြားမှုစနစ်များ အမြင်ဖွင့်ပေးနိုင်ခဲ့သည်။

လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ရာတွင် နည်းလမ်းမျိုးစုံ သုံးလာနိုင်သည်။ မိတ်ဖက်အဖွဲ့အစည်းများက ဥပဒေပိုင်းဆိုင်ရာ၊ ကျန်းမာရေး စောင့်ရှောက်မှု နှင့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ ပံ့ပိုးမှုများကို လိင်မှုဆိုင်ရာ အကြမ်းဖက်မှုခံရပြီးနောက် ရှင်သန်ကျန်ရစ်သူ (survivors of SGBV) ၁၈ ဦးအတွက် ၂၀၂၀ ခုနှစ် အတွင်း ပံ့ပိုးပေးနိုင်ခဲ့သည်။ အလားတူ လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများနှင့် ပတ် သက်၍ မိတ်ဆက်ဆွေးနွေးပွဲ သင်တန်းများ ကျင်းပနိုင်ခဲ့သည်။ ဤဆွေးနွေးပွဲသင်တန်းများသည် ပါဝင်တက်ရောက်သူများ အတွက် သတင်း အသိပေးရန် ရည်ရွယ်ပြီး၊ တရားမျှတမှု ရရှိရေးနှင့်ပတ်သက်၍ မိရိုးဖလာ သတ်မှတ်ထားချက်များ၊ အမူ အကျင့်များ၊ ယဉ်ကျေးမှုဆိုင်ရာ ရှုပ်ထွေး သက်ရောက်မှုများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်သည်။ MWO, KWO နှင့် KnWO အဖွဲ့ အစည်းများသည် "လိင်မှုဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ ကိမ်ပိန်းလှုပ်ရှားမှု" ၁၆ ရက် တာ ကာလတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ သူတို့က ဒေသခံ ဘာသာစကားများဖြင့် ကမ်ပိန်း လှုပ်ရှားမှုအချက်အလက် များကို ပြန်ဆိုဖော်ပြရင်း ထောက်ကူ ပါဝင်ကြသည်။ ဆွေးနွေးဟောပြောမှုများ၊ လူအများပါဝင်သည့် အစည်းအဝေး ဖိုရမ်များ၊ ဥပဒေကြောင်းအရ ပြုပြင်ပြောင်းလဲမှုများ ပြုနိုင်ရန် လွှတ်တော် အမတ်များထံသို့ စည်းရုံးတိုက်တွန်းမှုများနှင့် အခြားသော လှုပ်ရှားမှုများလည်း ဆောင်ရွက်ခဲ့ကြသည်။

## သင်ခန်းစာ ရရှိသည့် အချက်များ

- COVID-19 ကူးစက်မှုနှင့် ပတ်သက်၍ မရေရာမှုများကြောင့် လတ်တလော အိမ်ပြန်မှုများအတွက် တောင်းဆိုမှု အပေါ် သက်ရောက်မှုရှိစေသည်။
- COVID-19 ကူးစက်မှု ကာကွယ်ရေးအပေါ် အလေးပေးဆောင်ရွက်မှုကြောင့် လူမှုရေးအရ ပါဝင်ဆောင်ရွက်မှု လျော့နည်း ကျဆင်းသွားခြင်း မရှိပေ။ ယင်းအစား ကူးစက်မှု ကာကွယ်ပေးရေး လုပ်ငန်းများကြောင့် လူမှုရေး ကာကွယ်မှုပေးရေး လုပ်ငန်းများတွင်ပို၍အလုပ်ဖြစ်စေသည်။ဥပမာအားဖြင့်ဆန်/စပါးဘဏ်များအတွက်လှုံ့ဆော်စည်းရုံးခြင်း၊ကလေးများစောစီးစွာ ဖွံ့ဖြိုးရေး ပံ့ပိုးမှုပေးခြင်း နှင့် ကာကွယ်ပေးမှုဆိုင်ရာ ကိစ္စရပ်များ စောင့်ကြည့်လေ့လာခြင်းတို့ ဖြစ်သည်။
- ဆန်/စပါးဘဏ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လူမှုအရင်းအမြစ်များကို အသုံးချ၍ အပေါင်ပစ္စည်း ထားစေသည့် သဖွယ် မူဝါဒများ၊ ဆုံးရှုံးမှုများကို ကာမိစေရန် အတိုးနှုန်းကျသင့်စေခြင်းတို့ကို ပို၍ လက်ခံမှု ရရှိလာသည်။

8 http://rehmonnya.org/archives/5987#more-5987
9 http://rehmonnya.org/archives/category/news



# မဟာဗျူဟာ လမ်းညွှန်ချက် ၄

## ဒေသခံများ၏ ပိုင်ဆိုင်မှု

တာဝန်သိသည့် အသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်စေရန် တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှုနှင့် ဒေသခံများ၏ ပိုင်ဆိုင်မှု များကို အားဖြည့်ပေးသည်။

## အရေးပါသည့် အချက်များ

### ထိုင်းနိုင်ငံ

- ၂၀၂၀ ခုနှစ်အတွင်း ဒေသခံများ၏ ပိုင်ဆိုင်မှုမှာ သိသိသာသာ မြင့်မားလာသည်။ COVID-19 နှင့် ပတ်သက်သည့် ခရီးသွား လာမှု ကန့်သတ်မှုများကြောင့် ဖြစ်သည်။
- အဝေးမှနေ၍ ဆက်သွယ်မှုများ ချမှတ်လုပ်ကိုင်နိုင်မှု သိသိသာသာ မြင့်မားလာသည်။ ဝန်ထမ်းများ နှင့် ပုံမှန်ဆက်သွယ်နိုင် ပြီး၊ သတင်းဝေမျှမှုကို ပို၍ မြန်ဆန်စွာ ဆောင်ရွက်နိုင်သည်။
- FCS အလုပ်အဖွဲ့က အသစ်သော စောင့်ကြည့်လေ့လာမှု နှင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်များ ယူလာနိုင်ခဲ့သည်။

### မြန်မာနိုင်ငံ

- အွန်လိုင်း ဆက်သွယ်မှုစနစ်ကို အဓိကထားသုံးခြင်းကြောင့် စုစည်းမှု အခမ်းအနားများတွင် လူများ ပို၍ပါဝင်ဆောင်ရွက် နိုင်ကြပြီး၊ တက်ရောက်သူများက အိမ်မှနေ၍ တက်ရောက်နိုင်ကြသည်။ ပါဝင်တက်ရောက်ရန် ခရီးဝေးလာနေစရာ မလိုအပ် တော့ပေ။
- အာဟာရ ရရှိမှု၊ ဆန်/မျိုးစေ့ဘဏ် စီမံခန့်ခွဲမှု၊ ဥတုရာသီအပေါ် အကဲသိသည့် စိုက်ပျိုးရေး၊ စီမံကိန်း စက်ဝန်း စီမံခန့်ခွဲမှု၊ ပဋိပက္ခအပေါ် အကဲဆတ်မှု၊ လိင်ကွဲပြားမှုအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း နှင့် ငွေကြေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း ၁၈ ခုကို အွန်လိုင်းမှတဆင့် ဆောင်ရွက်နိုင်ခဲ့သည်။
- လိင်ကွဲပြားမှုအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း သင်တန်းများကို TBC မိတ်ဖက်အဖွဲ့အစည်း ၁၈ ခုမှ ကိုယ်စားလှယ်များနှင့် ပို့ချ နိုင်ခဲ့ပြီး၊ အောက်ခြေထုအမြင်ဖြင့် ကဏ္ဍအလိုက် သုံးသပ်ခွဲခြမ်းမှုအတွက် ခိုင်မာသည့် အခြေခံကောင်း ရရှိပြီး ရှေ့ဆက်နိုင် ခဲ့သည်။

## ထိုင်းနိုင်ငံ

COVID-19 ကူးစက်မှုနှင့် ပတ်သက်၍ ခရီးသွားလာမှု ကန့်သတ်ခြင်းများကို စတင်ခဲ့ရာ၊ အသစ်သော ဆက်သွယ်ရေးနည်း လမ်းများကို ကျင့်သုံးလာရသည်။ သို့ဖြစ်ရာ တာဝန်ယူ တာဝန်ခံမှုနှင့် ဒေသခံများ၏ ပိုင်ဆိုင်မှုအဖြစ် ကျင့်သုံးခြင်း အစီအစဉ် များ တိုး၍ ဆောင်ရွက်လာရသည်။ အကြောင်းမှာ ပြင်ပမှနေ၍ စောင့်ကြည့်လေ့လာသူများ ကိုယ်တိုင်ကိုယ်ကျ လာရောက် ရန် မဖြစ်နိုင်တော့သောကြောင့် ဖြစ်သည်။

ဒေသခံများ၏ ပိုင်ဆိုင်မှုအဖြစ် သက်သေပြသနိုင်သည်မှာ ခရီးသွားလာမှု ကန့်သတ်ချက်များ ရှိနေသော်လည်း၊ အဓိကကျ သည့် လူသား ချင်းစာနာမှု ကူညီပေးရာ၌ စခန်းကော်မီတီများနှင့် ဒုက္ခသည် အလုပ်အဖွဲ့များက စုဖွဲ့ခြင်း နှင့် အကောင် အထည်ဖော် ပံ့ပိုးခြင်း စသည့် အရည်အသွေးများ ပြသနိုင်ခဲ့ကြသည်။ ဤကန့်သတ်ချက်များဟု ဆိုရာ၌ အစီအစဉ် ညွှန် ကြားရေးမှူးများက စခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ စီမံကိန်းများ ကြီးကြပ်ရန်နှင့် စောင့်ကြည့်လေ့လာရန် မသွားနိုင်ကြ တော့ဘဲ၊ ဒေသခံ ဒုက္ခသည် မိတ်ဖက်အဖွဲ့အစည်းများ ကိုယ်တိုင်ကိုယ်ကျ စီမံရန် လွှဲအပ်ခဲ့ရသောကြောင့် ဖြစ်သည်။ သူတို့ ကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်းများ ပြုကာ၊ တာဝန်ယူတာဝန်ခံမှုကို ထိန်းသိမ်းထားနိုင်ခဲ့ ကြသည်။

ဤသို့ အဝေးမှ တာဝန်ယူရသည့် TBC နှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍတွင် လက်ရှိ စီမံကိန်းများ၏ ပိုင်ဆိုင်မှုအဖြစ် ဒေသခံများကို အလေးထားရတော့သည်။ လက်ရှိ ဆက်သွယ်ရေးစနစ်သစ် နည်းနာများ၏ ထိရောက်မှု၊ အားကောင်းမှုကို COVID-19 ကူးစက်မှုကြောင့် ခရီးသွားလာမှုများ ကန့်သတ်ထားစဉ်အတွင်း ပြသနိုင်ခဲ့သည်။

ယခင်က စခန်းရှိ ဝန်ထမ်းများနှင့် ဆက်သွယ်မှုကို မျက်နှာချင်းဆိုင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်မှု များခဲ့သော်လည်း COVID-19 ကူးစက်ဘေးကြောင့်အွန်လိုင်းဆက်သွယ်ရေးသို့ပြောင်းရွှေ့ရန်လိုအပ်လာသည်။ဤသို့အွန်လိုင်းဆက်သွယ်ရေးစနစ်ဖြင့်စခန်းများသို့နေ့စဉ် ဆက်သွယ်နိုင်ပြီး၊ စခန်းများနှင့် TBC အဖွဲ့အစည်းများအကြား အရည်အသွေးရှိသည့် သတင်းစီးဆင်းမှု အများအပြား ဆောင်ရွက်နိုင်ခဲ့သည်။ များမကြာမီက တိကျသည့် သတင်းအချက်အလက် ဒေတာများ ရရှိထားသောကြောင့်လည်း အစီအစဉ်အတွက် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ပတ်သက်စေနိုင်သည်။

ဤအချက်ကြောင့် အကျိုးကျေးဇူးရှိစေခဲ့သော စီမံကိန်းတခုမှာ စားနပ်ရိက္ခာကဒ် ဝန်ဆောင်ပေးမှု (FCS) ဖြစ်သည်။ FCSWG အလုပ်အဖွဲ့က စခန်းအဆင့်တွင် အသစ်သော တာဝန်များ တိုး၍ယူခဲ့ရသည်။ ဥပမာအားဖြင့် ပေးချေရန် မှတ်တမ်းများကို ပြုစုခြင်း၊ FCS ကဒ်သုံးသူများကို တိုး၍ စောင့်ကြည့်လေ့လာနိုင်ခြင်း ဖြစ်သည်။ FCSWG က တိုး၍တာဝန်ယူခဲ့သည့် တာဝန် ဝတ္တရားအသစ်များကြောင့် TBC အဖွဲ့က အဝေးမှနေ၍ FCS စနစ်ကို စောင့်ကြည့်နိုင်ခဲ့သည်။ စခန်းများသို့ ဝန်ထမ်းများက ကိုယ်တိုင်ကိုယ်ကျ ခရီးမသွားရတော့သောကြောင့် COVID-19 ကူးစက်မှု ဘေးအန္တရာယ်ကိုလည်း လျှော့ချနိုင်ခဲ့သည်။ RedRose စနစ်အောက်တွင် မိမိတို့၏ စောင့်ကြည့်လေ့လာမှု လုပ်ငန်းများကို ဒစ်ဂျစ်တယ် အသွင်ပြောင်းနိုင်သောကြောင့် အရည်အသွေးသဘော ဆိုင်ရာ စောင့်ကြည့်လေ့လာခြင်း (qualitative monitoring) နည်းနာများ ပို၍ချမှတ် အသုံးပြုနိုင် သည်။ သို့ဖြစ်ရာ ဒေသခံများ၏ ပိုင်ဆိုင်မှု နှင့် တာဝန်ယူ တာဝန်ခံမှုအဖြစ် နောက်တဆင့် ထိရောက်စွာ တက်လှမ်းနိုင်ခြင်း ဖြစ်သည်။

၂၀၂၀ ခုနှစ်တွင် TBC အဖွဲ့က အကျိုးခံစားခွင့်ရှိသူများ တိုင်ကြားမှု နှင့် တုံ့ပြန်မှု လုပ်ငန်းစဉ် (BCRM) မှတဆင့် တိုင်ကြားစာ ၁၇ စောင် လက်ခံရရှိခဲ့သည်။ တိုင်ကြားစာများတွင် ရိက္ခာခွဲတမ်း စာအုပ် ပျောက်ဆုံးခြင်း၊ ထောက်ပံ့စနစ် ပြတ်တောက်ခြင်း ကြောင့် ရိက္ခာဈေးနှုန်းများ မြင့်မားလာခြင်း၊ သိုလှောင်ရုံ မန်နေဂျာ၏ လွဲမှားဆောင်ရွက်မှု၊ နှစ်စဉ် လူဦးရေ စစ်ဆေးခြင်း စစ်တမ်းကောက်ယူမှုမှ ဒုက္ခသည်များ ပျက်ကွက် မရှိဘဲဖြစ်နေခြင်းတို့ ဖြစ်သည်။

# မြန်မာနိုင်ငံ

COVID-19 ကူးစက်ဘေးကို တုံ့ပြန်ရာ၌ ဒေသခံလူထု၏ ပိုင်ဆိုင်မှုအဖြစ် ခံယူခြင်းသည် အထူးအရေးပါသည်။ ခရီးသွားလာမှု ကန့်သတ်ခြင်းများကြောင့် TBC အဖွဲ့အနေဖြင့် တနှစ်ပတ်လုံး ဆက်သွယ်ထိတွေ့မှုအတွက် ကြီးစွာ အကန့်အသတ်ဖြစ်စေပြီး အဝေးမှသာ အွန်လိုင်းပလက်ဖောင်းများဖြင့် ဆက်သွယ်ဆောင်ရွက်ရသည်။ ဒုက္ခသည်စခန်းများနှင့် မြန်မာနိုင်ငံရှိ မိတ်ဖက် အဖွဲ့အစည်းများအတွက် သတင်းနည်းပညာ (IT) အရင်းအမြစ်များ အားဖြည့်ပေးခြင်းဖြင့် ဆက်သွယ်ထိတွေ့နိုင်မှု ပို၍ တိုး တက်လာသည်။ ဤနည်းဖြင့် အွန်လိုင်း အစည်းအဝေးများ၊ အစီအစဉ်များကို စောင့်ကြည့်လေ့လာမှုများ၊ ကာကွယ်ပေးမှုဆိုင် ရာ အစီရင်ခံမှုများ၊ သင်တန်းများ၊ စစ်တမ်းကောက် ယူမှုများနှင့် တိုင်ပင်အကြံရယူမှုများ ပြုနိုင်ခဲ့သည်။ ဤနည်းအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) ပိုမို ပါဝင်လာနိုင်ခြင်းကြောင့် စုံလင်ထွေပြားမှုကို ပို၍ ကျယ်ပြန့်လာစေသည်။ လူများက ခရီးဝေးသွားစရာ မလိုတော့ဘဲ၊ သို့မဟုတ် ခရီးစရိတ်များ၊ တည်းခိုခများ ပေးစရာ မလိုတော့ဘဲ တွေ့ဆုံနိုင်ကြသည်။

TBC အဖွဲ့က ယခင်က မိတ်ဖက်အဖွဲ့အစည်း ၁၈ ခုနှင့် အရည်အသွေးဆိုင်ရာ အခက်အခဲရှိနေသည့် ကိစ္စများကို တိုင်ပင်အကြံ ရယူခဲ့ပြီး၊ ၂၀၂၀ ခုနှစ်အတွက် အဖွဲ့အစည်း ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များကို ယင်းလိုအပ်ချက်များအရ ရေးဆွဲခဲ့သည်။ COVID-19 ကူးစက်ဘေးကြောင့် ဤသို့သော လုပ်ငန်းဆောင်တာအများစုသည် နှောင့်နှေးခဲ့ရသည်။ တနည်းအားဖြင့် ပြန်လည် ပြုပြင်မွမ်းမံခြင်း၊ အွန်လိုင်းအသုံးပြု၍ ဆောင်ရွက်ခြင်းများ ပြုခဲ့ရသည်။ ဆောင်ရွက်နိုင်ခဲ့သည့် တိုင်ပင်အကြံရယူမှု များတွင် အဖွဲ့အစည်း စီမံခန့်ခွဲမှုအတွက် အများဆုံး လိုအပ်ချက်ရှိကြသည်မှာ ဦးတည်ချက် (mission) နှင့် မဟာဗျူဟာ ဆိုင်ရာ မှတ်တမ်းများကို ပြန်၍ သုံးသပ်ရန်၊ ဖြည့်စွက်မွမ်းမံရန် ဖြစ်သည်။ အလားတူပင် ကိုယ်ပိုင် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ နှင့် လုပ်ငန်းစဉ်များ ရေးဆွဲလိုကြသည်။ အွန်လိုင်းမှတဆင့် မိတ်ဖက်အဖွဲ့အစည်းအားလုံးက ဝန်ထမ်းများ အရည်အသွေး ဖွံ့ဖြိုးစေရေးအတွက် သူတို့၏ သက်ဆိုင်ရာ ကျွမ်းကျင်မှု ဧရိယာအလိုက် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပံ့ပိုးပေးရန် တောင်းဆိုခဲ့ကြသည်။ သက်ဆိုင်ရာ ကျွမ်းကျင်မှုများကို ဖော်ထုတ်သတ်မှတ်သည့်အပြင်၊ ပဋိပက္ခ အကဲဆတ်မှုအပေါ် သိမြင်မှု၊ လိင်သဘော အခြေခံကို ပင်မရေစီး လုပ်ငန်းဆောင်တာအတွင်း ထည့်သွင်းခြင်း၊ အားလုံးအပေါ် လွှမ်းခြုံသည့် အစီအစဉ် လိုအပ်ချက်များကိုလည်း ဖော်ထုတ်ခဲ့ကြသည်။ ခရီးသွားလာမှုအပေါ် ကန့်သတ်ထားခြင်း နှင့် လူစုလူဝေး မလုပ်နိုင်ခြင်းကြောင့် TBC ဝန်ထမ်းများက မိတ်ဖက်အဖွဲ့အစည်းများအတွက် လမ်းညွှန်မှတ်စုများ ပြုစု၍ တိကျသည့် စီမံကိန်းဆိုင်ရာများ၊ အားလုံးလွှမ်းခြုံသည့် ကြားဝင်ဆောင်ရွက်မှုများကို သတင်းပေးခဲ့ကြရသည်။

TBC ဝန်ထမ်းများက ကွင်း ဆင်းလေ့လာရာတွင် စစ်ဆေးတိုက်ကြည့်ရန် အချက်များ (checklists) ကို ပြုစု၍ သက်ဆိုင်ရာ လုပ်ငန်း ဆောင်တာများနှင့် ပတ်သက်၍ အရည်အသွေးထိန်းချုပ်မှုအပေါ် အားဖြည့်ပေးနိုင်ခဲ့သည်။ အကျိုးခံစားခွင့်ရှိသူ အရေအတွက်များကို ဒေတာ ဖြည့်သွင်းခြင်းအပေါ် လုံးဝအားထားနေသည်နှင့်စာလျှင် ဤသို့ စောင့်ကြည့်ထိန်းချုပ်နိုင်ခဲ့သည်။

၂၀၂၀ ခုနှစ်တွင် COVID-19 ကူးစက်မှုနှင့် ပတ်သက်၍ ကန့်သတ်မှုများ ဆက်လက်တည်ရှိနေခြင်းကြောင့်၊ အရည်အသွေးမြှင့် သင်တန်းများကို အွန်လိုင်းမှတဆင့်သာ ဆောင်ရွက်ခဲ့ရသည်။ ဤသင်တန်းများတွင် အာဟာရ ရရှိမှုဆိုင်ရာ အကဲသိသော ခေါင်းစဉ်များနှင့် အာဟာရနှင့် သက်ဆိုင်သည့် ခေါင်းစဉ်များ၊ ဆန်/စပါး မျိုးစေ့ဘဏ် စီမံခန့်ခွဲမှု၊ ဥတုရာသီ ပြောင်းလဲမှု အပေါ် အကဲသိသော စိုက်ပျိုးရေးစနစ်၊ စီမံကိန်းစက်ဝန်း စီမံခန့်ခွဲမှု၊ ပဋိပက္ခအပေါ် အကဲဆတ် သိမြင်မှု၊ လိင်ကွဲပြားမှုဆိုင်ရာ သုံးသပ်ပိုင်းခြားမှု နှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှု အကြောင်းများ ဖြစ်သည်။ TBC အဖွဲ့၏ အရည်အသွေးမြှင့်တင်ရေးအဖွဲ့က သင်တန်း ၁၈ ခု စီစဉ်နိုင်ခဲ့သည်။ ဤသို့ အရေအတွက်များစွာ စီစဉ်နိုင်ခြင်းသည် မျက်နှာချင်းဆိုင် လူစုလူဝေးဖြင့် လက်တွေ့ သင်တန်းကြီးများ စီစဉ်ခြင်းထက်စာလျှင်၊ အုပ်စုငယ်များဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ဖွဲ့ချင်းအကြား ဆောင်ရွက်ခြင်း တို့ကြောင့် ဖြစ်သည်။

TBC အဖွဲ့နှင့် မွန်အမျိုးသမီးအဖွဲ့ (MWO) တို့က လိင်ကွဲပြားမှုဆိုင်ရာ သုံးသပ်လေ့လာခြင်း သင်တန်း ၂ ခု သီးခြားစီ ဆောင်ရွက်ရန် ကျား-မတန်းတူ ညီမျှရေး ကွန်ရက် (GEN) မှ ကျွမ်းကျင်သူများနှင့် စာချုပ် ချုပ်ဆိုခဲ့သည်။ တိုင်းရင်းသား ဝန်ဆောင်မှု ပေးသူများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်း ၁၈ ခုတို့က ယင်းဆွေးနွေးပွဲတခုစီတွင် ပါဝင်တက်ရောက်ခဲ့ကြပြီး၊ စုစုပေါင်း ၄၅ ဦး ပါဝင်တက်ရောက်ခဲ့သည်။ (အမျိုးသမီး ၃၄ ဦးနှင့် အမျိုးသား ၁၁ ဦး) တက်ရောက်သူများကို လိင်ကွဲပြားမှုဆိုင်ရာ သဘော တရား နှင့် စီမံကိန်းများ ဒီဇိုင်းရေးဆွဲရာတွင် လိင်ကွဲပြားမှုဆိုင်ရာ သုံးသပ်လေ့လာမှု မူဘောင်များ၊ စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ကို မိတ်ဆက် ဆွေးနွေးခဲ့သည်။ MWO အဖွဲ့၏ သင်တန်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်လေ့လာသည့် ချည်းကပ်မှုသုံးခဲ့ပြီး၊ ၄ ရက် ဆွေးနွေးခဲ့သည်။ TBC အဖွဲ့၏ သင်တန်းတွင်မူ ၃ ရက်အဖြစ် ချုံ့၍ ကျင်းပခဲ့သည်။

## သင်ခန်းစာ ရရှိသည့် အချက်များ

- ဝန်ထမ်းများအားလုံးကို ဆက်သွယ်ရေးစနစ်များနှင့် ပတ်သက်၍ နောက်ဆုံးပေါ် အခြေအနေကို သေချာသိရှိစေရေး သေချာဆောင်ရွက်ရန် လိုအပ်သည်။ သက်ဆိုင်ရာ အခြေခံ အဆောက်အဦများကို တပ်ဆင်၍ ထိန်းသိမ်း ထားရန် လိုအပ်သည်။
- ဒစ်ဂျစ်တယ် နည်းပညာအခြေခံ၍ ဒေတာများ စုဆောင်ခြင်းသို့ ပြောင်းလဲလုပ်ဆောင်ရန် ပို၍အရေးကြီးလာသည်။ COVID-19 ကူးစက်မှု ကပ်ဘေးကြောင့် အဝေးမှနေ၍ ဆက်သွယ်မှုစနစ်များ ပို၍ချမှတ်လုပ်ဆောင်ရန် လိုအပ်သည်။







# အခန်း- ၄

## မဟာဗျူဟာ လမ်းညွှန်ချက် များ ၂၀၂၁ ခုနှစ်

Photo by: Saw Mort

TBC အဖွဲ့၏ ၂၀၂၀-၂၀၂၂ မဟာဗျူဟာသည် ကာကွယ်ပေးမှု၊ တာဝန်ယူ တာဝန်ခံမှု နှင့် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံတွင် ပြောင်း လဲနေသော ဖြစ်တန်ရာများနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်နိုင်စွမ်းတို့အပေါ် ဦးတည်ထားပါသည်။ ဤမဟာဗျူဟာ သည် တိုက်တွန်းစည်းရုံးမှု၊ အရေးပါသည့် အင်အားစုများနှင့် ထိတွေ့ဆက်ဆံမှုများအပေါ် အလေးပေးထားပြီး၊ တာဝန်ယူ ထားသူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအဖို့ ဒုက္ခသည်များ၏ သူတို့၏ အနာဂတ်နှင့် ပတ်သက်၍ ပိုမိုကြားနာ နားထောင် နိုင်စေရန် ဖြစ်သည်။ ထို့အတူ ဒုက္ခသည်များ၏ အခြားရွေးချယ်စရာ နည်းလမ်းများ၊ ဥပမာအားဖြင့်- ထိုင်းနိုင်ငံတွင် ယာယီ လုပ်သားအဖြစ် ရွှေ့ပြောင်းအခြေချခြင်းမျိုးကဲ့သို့သော နည်းလမ်းမျိုးကို ရှာဖွေတွေ့ရှိနိုင်စေရန် ကူညီထောက်ပံ့ပေးရန် ဖြစ်ပါသည်။

ဤမဟာဗျူဟာကို တည်ဆောက်ထားရာ၌ TBC အဖွဲ့က လူ့အခွင့်အရေးကို အခြေခံသော ချဉ်းကပ်မှုဖြင့်၊ ရပ်ရွာများကို ခွန်အား အာဏာဖြည့်ဆည်းပေးခြင်း၊ နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့် အာဏာပိုင်များကို မိတ်ဖက်ပြုခြင်း၊ တာဝန်ယူ တာဝန်ခံမှု၊ တန်းတူရေးနှင့် အင်အားစုအားလုံး ပါဝင်နိုင်မှု၊ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ပေးရေး/ အသိပညာမြင့်မား လာစေရေး နှင့် "မည်သူ့ကိုမျှ အန္တရာယ် မဖြစ်စေရေး" (Do No Harm) အခြေခံမှုများအပေါ် တက်ကြွစွာ ကိုင်စွဲ၍ သံန္နိဋ္ဌာန် ချမှတ် ဆောင်ရွက်နေသည့်အပေါ် အခြေပြုထားပါသည်။ ၂၀၂၁ ခုနှစ်အတွက် အစီအစဉ် ဦးတည်ချက်များသည် အောက် ဖော်ပြပါ မဟာဗျူဟာ လမ်းညွှန်မှုများမှနေ၍ ထုတ်နုတ်ထားပါသည်။

# မဟာဗျူဟာ လမ်းညွှန်ချက် ၁

**အမျိုးသမီး၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို အလေးထား၍၊ အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရ သည့် ရပ်ရွာလူထုများ၏ လူသားချင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရေး၊**

## ထိုင်းနိုင်ငံ

- ဒုက္ခသည်များအတွက် စားနပ်ရိက္ခာ၊ မီးထိုးဆီ နှင့် အမိုးအကာများကို တန်းတူညီမျှစွာ၊ အရည်အသွေး စံချိန်မီ၍ သေချာ ရရှိနိုင်စေရန်။ အဖွဲ့အစည်းဆိုင်ရာ ထိရောက်သော ချဉ်းကပ်မှုများ၊ ဒုက္ခသည်ကော်မီတီများကို တိုး၍ ခွန်အား အာဏာမြှင့်တင်ပေးခြင်း၊ အစီအစဉ်များ ဝန်ဆောင်မှုပေးရာ၌ အုပ်စုများအလိုက် ဆောင်ရွက်စေခြင်းဖြင့် သေချာ ရရှိနိုင်စေရန်။
- စားနပ်ရိက္ခာ ကဒ်စနစ်ကို ရှင်သန်လှုပ်ရှားနေစေ၍၊ TBC ၏ စနစ်များနှင့် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးခြင်းဖြင့် ဒုက္ခသည် အိမ်ထောင်စုများကို ကောင်းမွန်သော တန်ဖိုးများ ဖြည့်ဆည်းပေးနိုင်ရန်၊ အပြည့်အဝ အတိုင်းအတာ ဖြင့် အသုံးချနိုင်စေရန်။
- အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs)၊ မိတ်ဖက် ဒုက္ခသည်များနှင့် ပူးပေါင်းဆောင်ရွက်၍ ဒုက္ခသည်များ၏ အခြေခံ လိုအပ်ချက်များကို အထိရောက်ဆုံး သေချာ ဖြည့်ဆည်းပေးနိုင်ရန်။
- အလှူရှင်များနှင့် တော်ဝင် ထိုင်းအစိုးရကို ချဉ်းကပ်တိုက်တွန်း စည်းရုံး၍ စားနပ်ရိက္ခာ နှင့် အမိုးအကာ ဖြန့်ဖြူး ရေးတွင် ရန်ပုံငွေနှင့် စနစ်များ ပံ့ပိုးပေးနိုင်ရန်။
- လှုပ်ရှား ရှင်သန်မှုရှိ၍၊ တပြေးညီဖြစ်သော စောင့်ကြည့်လေ့လာမှုကို ဆောင်ရွက်၍ ဒစ်ဂျစ်တယ် နည်းပညာ ပလက်ဖောင်းသို့ အသွင်ကူးပြောင်းပြီး၊ အစီအစဉ် ဝန်ဆောင်ပေးမှုများ နှင့် ရပ်ရွာ ထိတွေဆက်ဆံမှုများကို ပို၍ တိုးတက်လာစေရန်။
- ပျော့ပြောင်းမှု ရှိသော အခြေအနေနှင့် လိုက်လျောညီထွေ ပြောင်းလဲနိုင်သော အစီအစဉ် ဝန်ဆောင်ပေးမှုများ ဖြစ် ပေါ်စေ၍ COVID-19 ကူးစက်မှုနှင့် ပတ်သက်သည့် ပြဿနာများကို ထိန်းချုပ်စီမံနိုင်ပြီး၊ ဒုက္ခသည်များအတွက် လူသားချင်းစာနာမှု အထောက်အပံ့ပေးမှုများ အဟန့်အတားမရှိဘဲ သေချာဆက်လက် ပေးဆောင်နိုင်ရန်။
- အမိုးအကာ၊ စားနပ်ရိက္ခာ နှင့် အာဟာရ ရရှိမှု၊ လောင်စာ ပို့ဆောင်မှုများတွင် သက်သေအထောက်အထား အခြေပြု တီထွင်ဖန်တီးမှုများဖြင့် ဒုက္ခသည်စခန်းများအတွင်း တိုးတက်ဖွံ့ဖြိုးလာစေရန်။
- ထိုင်းနိုင်ငံရှိ စခန်းများအတွင်း ရှိနေသော အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် စစ်ပွဲများကြောင့် ထိခိုက်သက်ရောက်မှု ရှိသူ လူထုများသည် ခံစားခွင့်သတ်မှတ်ထားသည့်၊ အရေးပေါ် ကပ်ဘေးဒုက္ခများအတွက် ရရှိနိုင်သည့် အရေးပေါ် အကူအညီများကို တုံ့ပြန်မှုအဖြစ် ရရှိနိုင်စေရန်။

### မြန်မာနိုင်ငံ

- အခြေခံ ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်မှုကို အားကောင်းစေရေး။
- ဒေသခံ အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းစဉ်များကို အားဖြည့်ပေးရေး နှင့် ယင်းတို့ကို စားနပ်ရိက္ခာ လုံခြုံမှုအပေါ် ရုတ်ချည်း ထိခိုက်သက်ရောက်ခံရသည့်အခါ သေချာ တုံ့ပြန်နိုင်မှု ရှိစေရေး။
- မိခင်ဘာသာ စကား အခြေခံ၊ ဘာသာစကား ပေါင်းစုံသင်ကြားသည့် ပညာရေး (MTB-MLE) ရရှိနိုင်မှုမှသည် အိမ်အခြေခံ သင်ကြားမှုသို့ တိုးချဲ့နိုင်ရေး။

# မဟာဗျူဟာ လမ်းညွှန်ချက် ၂

## အာဟာရ တိုးတက်ရရှိစေရေး နှင့် ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်း လုပ်ငန်းများမှတဆင့် စားနပ် ရိက္ခာ လုံခြုံမှု အားဖြည့်ပေးရေး။

### ထိုင်းနိုင်ငံ

- စခန်းများအတွင်း ကောင်းမွန်သည့် အာဟာရ ရရှိရေးဆိုင်ရာ ကျင့်သုံးမှုများကို မြှင့်တင်ပေးရန်။ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များ၊ မွေးဖွားပြီးနောက် ပထမ ရက် ၁,၀၀၀ အတွင်းရှိ ကလေးငယ်များအတွက် အထူးအလေးပေး ဆောင်ရွက်ရန်။
- ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ ဖြည့်စွက် အာဟာရကျွေးမွေးခြင်းနှင့် ကုသပေးမှုဆိုင်ရာ အာဟာရ ကျွေးမွေးခြင်းတို့ကို လိုအပ်သလို အကောင်အထည်ဖော်ရန်။
- စခန်းများအတွင်း အာဟာရ ရရှိမှုအခြေအနေကို စောင့်ကြည့်လေ့လာရန်။ ဒစ်ဂျစ်တယ် နည်းပညာ ပလက်ဖောင်း ကို သုံး၍ ကိန်းဂဏန်းစာရင်းများအရ သိသာထင်ရှားသင့် အဆင့်တခုအထိ ဆောင်ရွက်နေရန်။
- စားနပ်ရိက္ခာကဒ် စနစ် နှင့် ရပ်ရွာ ကမကထပြု ဦးဆောင်မှုများကို သုံး၍ စခန်းများအတွင်း ပဏာမ နှင့် ဒုတိယ အဆင့် လုပ်ငန်းများကို မြှင့်တင်ပေးရန်။ မိမိဘာသာ ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်စေရန်။ ယင်းတွင် စိုက်ပျိုးရေး၊ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများဖြင့် ဝင်ငွေဖန်တီးမှုများ အပါအဝင် ဖြစ်သည်။
- သက်မွေးဝမ်းကျောင်းဆိုင်ရာ ကော်မီတီများနှင့် ရပ်ရွာအုပ်စုများအတွက် နည်းပညာဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်။
- မတူကွဲပြားသည့် TBC ၏ အစီအစဉ်များတွင် သက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် နောက်ထပ် လှုပ်ရှားမှုများ ပူးတွဲဆောင်ရွက်ရန်။ "အမှန်တကယ် အလုပ်များ" မှ တဆင့် သက်မွေးဝမ်းကျောင်းကိစ္စ မြှင့်တင်ပေးရေးကို အလေးထား ဆောင်ရွက်ရန်။
- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသသို့ အိမ်ပြန်ရေး ပြင်ဆင်မှုအဖြစ်၊ ဒုက္ခသည်များအတွက် တန်းတူညီမျှမှုရှိသည့် ရေရှည် တည်တံ့နိုင်သော သဘာဝ ပတ်ဝန်းကျင် စီမံထိန်းသိမ်းမှု အလေ့အကျင့်များကို မြှင့်တင်သွားမည်။

### မြန်မာနိုင်ငံ

- တန်းတူညီမျှမှု ရှိ၍ ရေရှည်တည်တံ့နိုင်သော သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု ကျင့်သုံးမှုများကို မြှင့်တင်ပေးရေး။
- စိုက်ပျိုးရေး ထုတ်လုပ်နိုင်စွမ်း နှင့် ဈေးကွက် ရရှိနိုင်မှု တိုးတက်လာစေရေး။
- အာဟာရ ရရှိမှုကို အလေးကဲသည့် စိုက်ပျိုးရေး ကျင့်သုံးမှုနည်းလမ်းများ တိုး၍ ချမှတ်ကျင့်သုံးနိုင်ရေး။
- အိမ်ထောင်စုများ ဘေးကင်းသော သောက်သုံးရေ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တကိုယ်ရေသန့်ရှင်းမှု တိုးတက် လာစေရေး။

- စစ်ပွဲများ သက်ရောက်ထိခိုက်နေသည့် ရပ်ရွာများတွင် တိုင်းရင်းသားကျန်းမာရေး ဝန်ဆောင်မှုပေးသူများမှတဆင့် အာဟာရချို့တဲ့မှုကို လျှော့ချပေးနိုင်ရေး။
- ပြည်တွင်းဒုက္ခသည်များအနေဖြင့် အီးသုထစခန်းတွင် အသက် ၅ နှစ်အောက်ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် စာနပ်ရိက္ခာ လုံခြုံမှုကို အားဖြည့်ပေးနိုင်ရေး။

# မဟာဗျူဟာ လမ်းညွှန်ချက် ၃

**ကာကွယ်ပေးမှုရှိသော ပတ်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ပေးရေး နှင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများ နှင့် ပဋိပက္ခသက်ရောက် ထိခိုက်သည့် ရပ်ရွာအသိုက်အဝန်းများအတွက် လုံခြုံ၍ ဂုဏ်သိက္ခာရှိသော အနာဂတ်များ မြှင့်တင်ဆောင်ရွက်ပေးရေး။**

## ထိုင်းနိုင်ငံ

- အစီအစဉ်များနှင့် ဆက်စပ်နေသည့် လိင်မှုဆိုင်ရာ အမြတ်ထုတ် ခေါင်းပုံဖြတ်မှု၊ ချိုးနှိမ် ဖိနှိပ်မှုများ၊ အလားတူပင် လိမ်လည်မှု နှင့် အကျင့်ပျက် လာဘ်စားမှုများ လျှော့နည်းကျဆင်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မြှင့်တင်ဆောင်ရွက်သွားမည်။
- ဒုက္ခသည်များ/ စခန်းကော်မီတီများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် အတူတကွ ဆောင်ရွက်၍ လူမှုအသိုက်အဝန်းတခုလုံး၏ အကျိုးစီးပွားကို အသိအမှတ်ပြု၊ ထုတ်ဖော်ပြောဆို၍ ကာကွယ်မှုပေးနိုင်ရေးကို သေချာဆောင် ရွက်ရပါမည်။ ယင်းတွင် အမျိုးသမီးများ၊ လူနည်းစုများနှင့် ထိခိုက်နစ်နာလွယ်သော အုပ်စုများကို အဓိကဦးဆောင်မှု နေရာပေးရေး သို့မဟုတ် လုပ်ငန်းအစီအစဉ်များတွင် ပါဝင်စေရေး အပါအဝင်ဖြစ်သည်။
- အခွင့်အလမ်းတိုင်းတွင် ရပ်ရွာလူထုက ဦးဆောင်သည့် ဂုဏ်သိက္ခာရှိသော၊ မိမိဘာသာ ကိုယ်ထူကိုယ်ထဖြစ်သော၊ ရေရှည်တည်တံ့နိုင်သော အဖြေထုတ်မှုများကို မြှင့်တင် ဆောင်ရွက်သွားမည်။
- ဒုက္ခသည်များနှင့် သူတို့ကို လက်ခံမည့် ရပ်ရွာအသိုက်အဝန်းများအတွက် နယ်စပ်ဖြတ်ကျော် ဆက်ဆံ၍ ထုတ်လုပ် နိုင်စွမ်းရှိသော အခွင့်အလမ်းများကို ဖန်တီးပေးအပ်သွားမည်။ ပစ်မှတ်ထား ဆောင်ရွက်သည့် အလည်အပတ် ခရီး များနှင့်သက်ဆိုင်သည့် လှုပ်ရှားမှုများမှတဆင့် (COVID-19 ကန့်သတ်မှုများ အခြေအနေအပေါ် မူတည်၍) ဆောင်ရွက် သွားမည်။
- စခန်းများအတွင်းရှိ ထိခိုက်နစ်နာလွယ်သူများနှင့် အထူးထိခိုက်နစ်နာနိုင်သော သူများ အနေဖြင့် အိမ်ပြန်ရေး ပြင်ဆင်မှု လှုပ်ရှားဆောင်ရွက်မှုများတွင် တန်းတူ ပါဝင်ပတ်သက်နိုင်သည့် အခွင့်အရေး သေချာ ရှိစေရမည်။
- မိတ်ဖက် အဖွဲ့အစည်းများနှင့် ဒုက္ခသည်များထံသို့ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ပတ်သက်၍ လက်ရှိ အခြေအနေများ၊ စခန်း၏ မျှော်လင့်ထားသည့် အနာဂတ် အခြေအနေများကို ရှင်းလင်း၊ တိကျသည့် သတင်းစကား ပေးပို့သွားမည်။
- အိမ်ပြန်ရေး အပါအဝင် ဒုက္ခသည်များ၏ အနာဂတ်အတွက် အသွင်ပြောင်း ကြားကာလဆိုင်ရာအဆင့် တခု အနေဖြင့် အလုပ်အကိုင် ရရှိရေးအတွက် ဥပဒေကြောင်းအရ အဖြေရှာမှုများကို ဆက်လက်၍ ထပ်ဆင့် ဆောင်ရွက်မည်။
- ပဋိပက္ခများမှ ထွက်ပြေး၍သော်လည်းကောင်း၊ နှိပ်စက်ခံရမည့်အရေးမှ ထွက်ပြေး၍ အသစ်ရောက်ရှိလာသူများ၊ ပြန်လည်ဝင်ရောက်လာသူများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်သွားမည်။

## မြန်မာနိုင်ငံ

- လူ့အခွင့်အရေးအပေါ် သိမြင်မှုများ နှင့် ရပ်ရွာအခြေပြု ကာကွယ်မှုပေးရေး လုပ်ငန်းစဉ်များကို မြှင့်တင်ပေးရန်။
- ရပ်ရွာပိုင် စပါး/ဆန် ဘဏ်များမှတဆင့် လူမှုဖူလုံရေး၊ စောစီးစွာ ကလေးများ ဖွံ့ဖြိုးစေရေး ကြိုးပမ်းမှုများ နှင့် လိင်မှုဆိုင်ရာ၊ ကျား-မကွဲပြားမှုကြောင့် အကြမ်းဖက်ခံရပြီးနောက် ရှင်ကျန်ရသူများကို အကူအညီပေးသည့် အစီအစဉ်များ အားဖြည့် ဆောင်ရွက်ပေးရန်။

# မဟာဗျူဟာ လမ်းညွှန်ချက် ၄

**တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှု နှင့် ဒေသခံများ၏ ပိုင်ဆိုင်မှုအဖြစ် သေချာ တာဝန်သိစွာ အသွင်ကူး ပြောင်းနိုင်ရေးကို အားဖြည့်ပေးရန်။**

## ထိုင်းနိုင်ငံ

- ဒုက္ခသည် ကော်မီတီများနှင့် စခန်းကော်မီတီများမှတဆင့် ဒုက္ခသည် ရပ်ရွာလူထုများအတွင်း ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေး ပံ့ပိုးပေးရန်။ လူမှုရေးအရ အင်အားစု အားလုံးပါဝင်နိုင်မှု၊ တာဝန်ယူ တာဝန်ခံမှုတို့ကို အလေးပေးဆောင်ရွက်ရမည် ဖြစ်ပြီး၊ ထိရောက်သော ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုများ မြှင့်တင်ပေးခြင်းဖြင့် ဆောင်ရွက်ရမည်။
- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ဒုက္ခသည်များ အိမ်ပြန်ရေး ကော်မီတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) ကို အားပေးမြှင့်တင်၍ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များဖြင့် ထိုသူများကို ဦးဆောင် အဖွဲ့အစည်းများ ဖြစ်လာစေရမည်။
- မိတ်ဖက်အင်အားစုများနှင့် ရပ်ရွာလူထုများထံသို့ TBC အစီအစဉ်များ အပြောင်းအလဲ ဆိုင်းငံ့မှုများ နှင့် ဆက်လက် မဆောင်ရွက်သည့် ကိစ္စများကို တတ်နိုင်သမျှ စောလျှင်စွာ အသိပေးသွားမည်။
- စခန်းများအတွင်း လိုက်နာရမည့် ကျင့်ထုံးများကို ထိရောက်စွာ လိုက်နာအသုံးပြုကြရန် နှင့် ဒုက္ခသည်များအားလုံး အဖို့ တုံ့ပြန်အကြံပေးနိုင်မှု၊ တိုင်ကြားနိုင်မှု စနစ်များကို ရရှိနိုင်ရန် သေချာဆောင်ရွက်ပေးမည်။ အထူးသဖြင့် လိမ် လည်မှုနှင့် အကျင့်ပျက် လာဘ်စားမှု လျော့နည်းကျဆင်းစေရေး နှင့် လိင်မှုဆိုင်ရာ အမြတ်ထုတ် ခေါင်းပုံဖြတ်မှု၊ ချိုးနှိမ် ဖိနှိပ်မှုများအပေါ် ကာကွယ်မှုပေးရေး (PSEAH) ပြဿနာများနှင့် ပတ်သက်၍ ဖြစ်သည်။
- အဖွဲ့အစည်း၏ စောင့်ကြည့်လေ့လာမှု နှင့် ပြန်လည်သုံးသပ်မှု စနစ်များတွင် ဒုက္ခသည်မိတ်ဖက်များကို ပို၍ အပြည့် အဝ ပေါင်းစပ်ဆောင်ရွက်မည်။

## မြန်မာနိုင်ငံ

- အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်များနှင့် တိုင်းရင်းသား ဝန်ဆောင်မှုပေးနေသူများ၏ တာဝန်ရှိမှုကို မြှင့်တင် သွားမည်။
- အကောင်အထည်ဖော်နေကြသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ အရည်အသွေး ထိရောက်စွာ ဖွံ့ဖြိုးလာစေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်။
- TBC အဖွဲ့၏ ကွင်းဆင်းဝန်ထမ်းများက မိတ်ဖက်အဖွဲ့အစည်းများ နှင့် ရပ်ရွာလူထုထံမှ တုံ့ပြန်အကြံပြုမှုများ ရရှိရန် စည်းရုံး တိုက်တွန်းလျှက် ရှိသည်။ အထူးသဖြင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ ဖိနှိပ်ချိုးနှိမ်မှုများ၊ ကလေးများအပေါ် ကာကွယ်မှုပေးရေး၊ လိမ်လည်မှု နှင့် အကျင့်ပျက် လာဘ်စားမှုဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဖြစ်သည်။
- TBC အဖွဲ့၏ ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုစနစ်သည် သုံးစွဲရသူအတွက် လွယ်ကူပြီး၊ တာဝန်ယူ တာဝန်ခံမှု ရှိသည်။ အစီရင်ခံစာ များကို အဆင့်အသီးသီးတွင် ပြန်၍ စိစစ်နိုင်သည်။
- TBC အဖွဲ့၏ အုပ်ချုပ်ရေးဆိုင်ရာ၊ လူသားရင်းမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စနစ်များ ဌာနချုပ်သို့ တုံ့ပြန် အစီရင်ခံနိုင်မှု ရှိပြီး၊ ဒေသခံ ဝန်ထမ်းများအတွက် ပံ့ပိုးပေးမှု ရှိသည်။
- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ TBC ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ဒုက္ခသည်များ အုပ်စုလိုက် အိမ်ပြန် နိုင်ရေးအတွက် ပြင်ဆင်ရန် နှင့် ထောက်ပံ့ပေးနိုင်ခြေအတွက် စွမ်းရည်နှင့် အရင်းအမြစ်များ ရှိနေကြသည်။
- အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs) များနှင့် ESPs များ၏ အောင်မြင်မှုများကို သင်ခန်းစာထုတ်ယူ၍ TBC အဖွဲ့က ဒေသဆိုင်ရာအဖြစ် ဆောင်ရွက်မှု အစီရင်ခံစာ တစောင်ထုတ်ပြန်မည်။